# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၈)ရက် ၊ အင်္ဂါနေ့ ၊ (10-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၈၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြား

### နိုင်ငံတော်၏ဂုဏ်သိက္ခာအတွက် နိုင်ငံကြီးသားပီသစွာမဲပေးခဲ့ကြသည့် ပြည်သူများ၊ ရွေးကောက်ပွဲကို စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ရွေးကောက်ပွဲကော်မရှင်နှင့် တာဝန်ရှိသူများကို နိုင်ငံတော်က အသိအမှတ်ပြုကျေးဇူးတင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ရုပ်ရှင်အနုပညာဖြင့် နိုင်ငံနှင့်ပြည်သူ့အကျိုးဖော်ဆောင်

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်ရှင်းဗဟိုဌာန-၁(MICC-1)၌ နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ၁၉၂၀ ပြည့်နှစ်ကတည်းက ပေါ်ပေါက်ခဲ့သည့်မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၁၀၆ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ကုန်လွန်ခဲ့သည့် ရာစုနှစ်လွန်ကာလများကို မြန်မာ့ရုပ်ရှင်အနေဖြင့် ခေတ်စနစ်အမျိုးမျိုးကြားတွင် နိုင်ငံတော်၏အရေးပါသည့် အခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများ၊ ပျော်ရွှင်လွမ်းမောဖွယ်ရာ လူမှုဘဝများကို အနုပညာဖြင့်ထင်ဟပ်ဖော်ပြနိုင်ခဲ့သည်။

ရုပ်ရှင်အနုပညာသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့်အခြေခံအင်အားတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံနှင့်ပြည်သူများ၏ အတွေးအခေါ်ပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့်တန်ဖိုးထားမှုများကို ထင်ဟပ်ဖော်ပြနိုင်သည့် အနုပညာဖြစ်သည့်အတွက် ရုပ်ရှင်အနုပညာကဏ္ဍနှင့်ယဉ်ကျေးမှုကဏ္ဍမပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုများသည် ပြီးပြည့်စုံမှုမရှိဟုဆိုနိုင်ပေသည်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၏နောက်ကွယ်တွင် စောင့်ထိန်းအပ်သည့် စရိုက်လက္ခဏာများ ပျက်စီးခြင်း၊ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်အမှတ်သရုပ်လက္ခဏာများ ပျောက်ဆုံးခြင်း၊ အတုယူမှားခြင်းများ ကြုံတွေ့လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပေသည်။

မြန်မာ့ရုပ်ရှင်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များကို ကမ္ဘာနှင့်ဆက်သွယ်ပေးနိုင်သည့် ဘာသာစကားတစ်ခုဖြစ်ပြီး လူမျိုးတို့၏ ဘာသာစကားများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူနေမှုဘဝများကို ကမ္ဘာသို့ ထုတ်ပြနိုင်သည့် မီဒီယာတစ်ခုဖြစ်သည်။ ထို့ကြောင့် ရုပ်ရှင်အနုပညာသည် နိုင်ငံတည်ဆောက်ရေးအတွက် အင်အားတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏စိတ်ဝိညာဉ်လည်းဖြစ်သည်။

ရုပ်ရှင်အနုပညာတစ်ရပ်သည် ထုတ်လုပ်သူ၊ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဓာတ်ပုံ၊ အသံ၊ ဂီတ၊ တည်းဖြတ်သူအပါအဝင်၊ ကင်မရာသမား၊ မီးထိုးမှန်ထိုးသမား၊ ရှုတင်မန်နေဂျာနှင့် သယ်ယူပို့ဆောင်သူ၊ အားလုံး စုပေါင်းညီညာစွာဖန်တီးမှသာ ရလဒ်အနေဖြင့် ရုပ်ရှင်ချစ်သူ ပရိသတ်များ၏ရင်ထဲသို့ အလွမ်း၊ အဆွေး၊ ရယ်မောဖွယ်ရာစသည့် ရသစုံပေးစွမ်းနိုင်မည်ဖြစ်သည်။ ထိုသို့ စုပေါင်းညီညွတ်စွာဖန်တီးရာတွင် မိမိလူမျိုး၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကိုလည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပြီး ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ စဉ်ဆက်မပြတ်လေ့လာ၍ နိုင်ငံတကာအဆင့်မီအောင် ရုပ်ရှင်အနုပညာရပ်ဆိုင်ရာများကို ဖန်တီးဖော်ထုတ်ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အားပေးကူညီမှုများ လုပ်ဆောင်ပေးလျက်ရှိသည်။ အနုပညာရှင်များကလည်း ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ်မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာ့ ရေ၊ မြေ၊ တော၊ တောင်သဘာဝအလှအပများကို ဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ကြရမည်ဖြစ်ပေသည်။ အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ထွန်းကားရေး၊ ပြည်သူများအသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အနုပညာရှင်များအနေဖြင့် မြန်မာ့ဓလေ့စရိုက်များ မမှေးမှိန်၊ မပျောက်ပျက်စေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်လွှမ်းမိုးမှုကို ကာကွယ်တားဆီးပြီး အရိုးပေါ်အရွက်မဖုံးစေရန် ပြောင်းလဲလာနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါလျက် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် မိမိတို့တတ်ကျွမ်းသည့် အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ၂၇၂၅ ဧကစိုက်ပျိုး ရန်လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

"ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာ ၂၇၂၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေတယ်။ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေး အတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ရာ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ထောပတ်ပဲဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ပုသိမ် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ထောပတ်ပဲဖြူ (အပြားကြီး)များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် ဖေဖော်ဝါရီလပထမပတ်ကစတင်ပြီး ယနေ့တိုင် ထောပတ်ပဲဖြူ (အပြားကြီး)များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲဖြူတွေ ဝယ်လိုအား ကောင်းနေပါတယ်။ ယခုလ ပထမပတ်လောက်ကနေ အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ထောပတ်ပဲဖြူတွေ မှာယူမှုများနေတာကြောင့် အရောင်းအဝယ် ကောင်းလာတာပါ"ဟု ပုသိမ်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

အဆိုပါ ထောပတ်ပဲဖြူ (အပြားကြီး)၁၆ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါပဲများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ပဲစိုက်တောင်သူများ၊ ပဲရောင်းဝယ်ရေး ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၇၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၃၃ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်း သူ ၉၈ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၈ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ငဖဲမြို့နယ် ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းထိမ်းကျေးရွာအုပ်စု ပန်းထိမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထား ရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်းထိမ်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၄၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါမကျက်ကြီးကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့် ကြီးပွား စသည့်အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်းသိရသည်။ **အေးမြတ်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၃ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လပထမပတ်မှ စတင်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နှမ်း ၁၀၆၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမှာပါ"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAPနည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ် မရွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မြန်အောင် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငွေစာရင်းဇယားများဖြည့်သွင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မရွေးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၄ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၅ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သံသာ**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မတ်ပဲတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း မတ်ပဲတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း မတ်ပဲတင်းရေ၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း မတ်ပဲတင်းရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီထဲမှာ မတ်ပဲတင်းရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ဝယ်ယူမှုများပြားလာတာကြောင့် ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားလာတာဖြစ်ပါတယ်။ မတ်ပဲတွေကိုတော့ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံဘက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်"ဟု ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲတစ်တင်းလျှင် ငွေကျပ် ၁၀၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဇလွန်မြို့နယ်မှထွက်ရှိသည့် မတ်ပဲများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မတ်ပဲစိုက်တောင်သူများ၊ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မန်လည်ဆရာတော်နှင့် မဟာသုတကာရီမဃဒေဝလင်္ကာသစ်

**ပြေအေးသက်**

မန်လည်ဆရာတော်နှင့် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်သည် ရာဇ၊ ဓမ္မ၊ လောကရေးရာ စုံလင်စွာ ပါဝင်သောကျမ်းကြီးတစ်စောင်ဖြစ်သည်။ ထိုကျမ်းတွင် အခန်းကြီး ခြောက်ခန်းဖြင့် ရေးသားဖွဲ့ဆိုထားပြီး အခန်း (၁) တွင် လောကစရိယခန်း၊ အခန်း (၂)တွင် သံဝေဂခန်း၊ အခန်း (၃) တွင် သားတော်ကိုဆုံးမသော ပုတ္တောဝါဒခန်း၊ အခန်း (၄) တွင် အမတ်တို့ကိုဆုံးမသော အမစ္စောဝါဒခန်း၊ အခန်း (၅) တွင် မြတ်သောတရားကျင့်ရာဖြစ်သော ဗြဟ္မစရိယခန်း၊ အခန်း (၆) တွင် ဇာတ်တော်ကြီး အဆုံးသတ်ရာဖြစ်သော နိဂမခန်းတို့ပါဝင်သည်။ ဤကျမ်းကို ၁၂၃၅ ခုနှစ် သက်တော်၃၂ နှစ်တွင် စတင်ရေးသားပြုစုခဲ့ရာ သာသနာကိစ္စအဝဝကြောင့် ကျမ်းမှာ အပြီးမသတ်နိုင်၍ ပုဂ္ဂိုလ်တစ်ဦးက လျှောက်ထားမှုကြောင့် ဆက်လက်ရေးသားခဲ့ပြီး ၁၂၆၆ ခုနှစ် တော်သလင်းလဆုတ် ၁၄ ရက်တွင် ကျမ်းပြီးစီးခဲ့သည်။ ဤမန်လည်ဆရာတော်၏ မဟာသုတကာရီမဃဒေဝလင်္ကာသစ်သည် ယခု ၁၃၈၇ ခုနှစ်တွင် နှစ်ပေါင်း ၁၂၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ဆရာတော်သည် ကျမ်းပေါင်း ၆၃ ကျမ်းနှင့် အခြားကဗျာမျိုးစုံတို့ကို ရေးသားခဲ့သည်။

မန်လည်ဆရာတော်အနေဖြင့် ဤမဟာသုတကာရီမဃဒေဝလင်္ကာသစ်ကို ထိုအချိန်က စာရွက်ပေါ်ပေါက်နေပြီဖြစ်၍ ပေစာအစား စက္ကူဗလာစာအုပ်ပေါ်တွင် ကိုယ်တိုင်လက်ရေးဖြင့် စာအုပ်အစ နမောတဿမှ စာအုပ်အဆုံး နိဂုံးတိုင်အောင် ရေးသားလုံ့လပြုတော်မူခဲ့သည်။ ထိုလက်ရေးမူကိုပင် ၁၂၆၉ ခုနှစ်တွင် မန္တလေးမြို့ ဆိုင်းတန်းလမ်းရှိ ရတနာဒီပပုံနှိပ်တိုက်က စာမျက်နှာ ၃၀၄ မျက်နှာ၊ အခန်း ခြောက်ခန်း၊ အပိုဒ်ပေါင်း ၃၂၂ ပိုဒ်ဖြင့် ပထမအကြိမ် ပုံနှိပ်ခဲ့ကြသည်။ ဒုတိယအကြိမ်ပုံနှိပ်ခြင်းကို ၁၂၇၆ ခုနှစ်တွင် တိုက် ၁၇/ ၁၈၊ ၂၅ လမ်း၊ စာဆိုတန်းရှိ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ကြသည်။ ထိုကျမ်းစာအုပ်တွင် ပြင်ဆင်ချက်များ ပါဝင်ပြီး စာမျက်နှာ ၄၈၆ မျက်နှာ၊ အခန်း ခြောက်ခန်းနှင့် စာပိုဒ်ရေ ၆၂၄ ပိုဒ်ပါဝင်ပေသည်။ တတိယစာမူမှာ ပုံနှိပ်မူနှစ်ခုစလုံးကို ဆရာတော်က ပြန်လည်စိစစ်၍ ဖြည့်စွက်ချက် ၉၉၇ ချက်၊ ပြင်ဆင်ချက် ၅၅၅ ချက်၊ နုတ်ပယ်ချက်ရှစ်ချက်ဖြင့် အခန်း ခြောက်ခန်း၊ အခန်းငယ် ၅၀၊ စာပိုဒ်ရေ ၆၂၅ ပိုဒ်ပါရှိသည်။

## မန်လည်ဆရာတော်

မန်လည်ဆရာတော်ကို ကသာခရိုင် ဝန်းသိုမြို့နယ် မန်လည်မြို့၌ အဖ သစ်ကုန်သည် ဦးထင်ညို၊ အမိ ဒေါ်ဖြေတို့က မြန်မာသက္ကရာဇ် ၁၂၀၃ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ ရက် (အင်္ဂါနေ့) ညဥ့်သုံးချက်တီးကျော်တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်မာဖြစ်သည်။ အသက်သုံးနှစ်အရွယ်တွင် ဖခင်ဦးထင်ညိုကွယ်လွန်ခဲ့လေသည်။ အသက် ၁၂ နှစ်အရွယ်ရောက်သောအခါ ဝန်းသိုမြို့ တောင်ပေါ်ကျောင်း ဝန်းသိုစော်ဘွား၏နောင်တော်ဖြစ်သူ ဘုန်းတော်ကြီး ဦးပန်းအောင်ထံ၌အပ်နှံ၍ စာသင်စေရာ တစ်နှစ်အတွင်းမှာပင် မြန်မာစာအခြေခံရခဲ့သည်။ ကဗျာလင်္ကာများကို အထူးဝါသနာပါခဲ့သည့်အလျောက် သင်ကြားလေ့လာခဲ့ရာ ၁၆ နှစ်အရွယ်မတိုင်မီပင် ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရတု စသည်များကို လျင်မြန်စွာ ရေးသားစပ်ဆိုနိုင်လေသည်။ အသက် ၁၅ နှစ်အရွယ်တွင် မိခင် ဒေါ်ဖြေ ကွယ်လွန်အနိစ္စရောက်ပြီးနောက် ၁၆ နှစ်သားအရွယ်ရောက်သော် ဘုန်းတော်ကြီး ဦးပန်းအောင်ထံမှာပင် ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူကာ သာမဏေဘွဲ့ကား ရှင်ဇဝနဖြစ်သည်။

> ❖ မန်လည်ဆရာတော်အနေဖြင့် ဤမဟာသုတကာရီမဃဒေဝလင်္ကာသစ်ကို ထိုအချိန်က စာရွက်ပေါ်ပေါက်နေပြီဖြစ်၍ ပေစာအစား စက္ကူဗလာစာအုပ်ပေါ်တွင် ကိုယ်တိုင်လက်ရေးဖြင့် စာအုပ်အစ နမောတဿမှ စာအုပ်အဆုံးနိဂုံးတိုင်အောင် ရေးသားလုံ့လပြုတော်မူခဲ့သည်။ ထိုလက်ရေးမူကိုပင် ၁၂၆၉ ခုနှစ်တွင် မန္တလေးမြို့ ဆိုင်းတန်းလမ်းရှိ ရတနာဒီပပုံနှိပ်တိုက်က စာမျက်နှာ ၃၀၄ မျက်နှာ၊ အခန်းခြောက်ခန်း၊ အပိုဒ်ပေါင်း ၃၂၂ ပိုဒ်ဖြင့် ပထမအကြိမ် ပုံနှိပ်ခဲ့ကြသည်။ ဒုတိယအကြိမ်ပုံနှိပ်ခြင်းကို ၁၂၇၆ ခုနှစ်တွင် တိုက် ၁၇/ ၁၈၊ ၂၅ လမ်း၊ စာဆိုတန်းရှိ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ကြသည်။ ❖

ရှင်သာမဏေအဖြစ်ဖြင့် ခြောက်ဝါတိုင်တိုင် အရှင်နန္ဒမဇ္ဈထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များကို သင်ကြားရာ ပါရမီဉာဏ်ထက်သန်သည့်အလျောက် ရဟန်းအဖြစ်သို့မရောက်မီပင် သင်ရိုးကျမ်းများကို တစ်ဖက်ကမ်းခပ် တတ်မြောက်လေသည်။ ရှင်ဇဝနသည် ၁၂၂၅ ခုနှစ် အသက် ၂၂ နှစ်သာသာရှိမှ ရဟန်းအဖြစ်သို့ ရောက်လေသည်။ ရဟန်းဘွဲ့မှာလည်း ရှင်ဇဝနပင်ဖြစ်သည်။ ရဟန်းဖြစ်၍ တစ်ဝါရတော်မူပြီးသောအခါ မူလရဟန်းခံခဲ့သော သိမ်ကို သံသယမကင်းရှိပြန်သည်နှင့် ၁၂၂၅ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်တွင် မဲဇာမြစ်အတွင်း ဥဒကုက္ခေပနဒီသိမ်၌ သံဃာတော် ၁၀ ပါးနှင့်တကွ ဒုတိယအကြိမ် ရဟန်းခံတော်မူပြန်လေသည်။ ရဟန်းဆယ်ဝါရတော်မူသောအခါ ဆရာအရှင်၏ကျေးဇူးကိုဆပ်သောအားဖြင့် မဃဒေဝလင်္ကာသစ်ကို စတင်ရေးသားတော်မူလေသည်။ သို့သော် ပြီးဆုံးအောင် မရေးသားနိုင်ဘဲရှိခဲ့ရာ ၁၂၆၆ ခုနှစ်တွင်မှ တစ်ဖန်ဆက်လက်ရေးသားရာ ထိုနှစ်မှာပင် အောင်မြင်ပြီးဆုံးခြင်းသို့ရောက်ခဲ့လေသည်။

၁၂၇၉ ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့ လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကိုခံယူတော်မူသည်။ ဆရာတော်ကြီးရေးသားတော်မူအပ်သော မဃဒေဝလင်္ကာသစ်ကြီးသည် ထုံးတီးနည်းနာအဖြာဖြာနှင့် ဇာတ်၊ နိပါတ်၊ ရာဇဝင်၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း စသောလောကီလောကုတ္တရာဗဟုသုတအနှစ်သာရတို့နှင့် ပြည့်ဝစုံလင်သည်ဖြစ်ကာ ဤလင်္ကာတစ်စောင်တည်းနှင့်ပင် ဆရာတော်ကြီးမှာ ကဗျာပါရဂူမြောက်ကြောင်း ထင်ရှားပေသည်။ ဤလင်္ကာကြီးတွင် ဖွဲ့နွဲ့ထားပုံမှာ လွန်စွာခမ်းနားလှသည့်အပြင် ခွဲထားသတ်ပုံများကို ဖော်ပြရေးသားထားရာ သတ်ပုံကျမ်းကြီးတစ်စောင်ကဲ့သို့လည်း လွန်စွာအသုံးဝင်လေသည်။ ဆရာတော်သည် သိမ်မွေ့နေရာ၌ သိမ်မွေ့နက်နဲလှပ၍ ကြမ်းကြမ်းတမ်းတမ်းနေရာ၌ ကြမ်းတမ်းစွာ ရေးသားဖွဲ့နွဲ့နိုင်ခဲ့ပေသည်။ အလင်္ကာအဆင်တန်ဆာများကို ဝေဝေဆာဆာသုံးရာတွင်လည်း ဥပမာလင်္ကာတွင် စာပေကျမ်းဂန်အပြင် ဒိဋ္ဌဓမ္မလောကကို အခြေခံသောဥပမာများသည် ခံ့ညားလေးနက်မှုထက် နားလည်လွယ်မှုကို ပိုဦးစားပေးသည်ကို တွေ့ရသည်။

## စာချဆရာ မန်လည်ဆရာတော်

၁၂၂၈ ခုနှစ် ရဟန်းသုံးဝါမြောက်တွင် မန္တလေးမြို့ အနောက်ပြင် ထီးလင်းတိုက်၌ ဝါဆိုတော်မူ၍ မန်လည်မြို့ဝန် မင်းတင်မင်းလှသမန္တရာဇာက ကိုးကွယ်လှူဒါန်းသော ပိဋကတ်တော်များကို ကြီးကြပ်ကူးယူရေးသားတော်မူသည်။ ထို့နောက် မန်လည်မြို့ လေးထပ်ကျောင်းသို့ ပြန်ကြွတော်မူပြီးလျှင် စာသင်သားတို့ကို စာပေသင်ကြားပို့ချ၍ အားလပ်သောအချိန်တွင် စာပေကျမ်းဂန်များကို ရေးသားစီရင်တော်မူသည်။ ဆရာတော်သည် စာပေကျမ်းဂန်များကိုသာမက ဆေးကျမ်း၊ ဓာတ်ကျမ်း၊ သျှတ္တရကျမ်း၊ စစ်ချီစစ်တက် သေနင်္ဗျူဟာကျမ်းများကိုလည်း ဒိုးဒိုးဒေါက်ဒေါက် ပြောဆိုညွှန်ပြနိုင်တော်မူသော ပါရမီရှင်တစ်ဦးဖြစ်သည်။ ဆရာတော်ကြီးသည် စာပေပိဋကတ်ကျမ်းများကိုလည်း စေတနာပြင်းပြထက်သန်စွာဖြင့် လုံ့လကြီးစွာ စိုက်ထုတ်ကာ စာသင်စာချ ဆောင်ရွက်တော်မူခဲ့သည်။

## မာန်လုပ်လျှင် လွယ်သည်သာပ

မန်လည်ဆရာတော်ကြီး၏ ပဒုမောဝါဒသံချိုလေးချိုးတွင် မာန်မလုပ်ချင်ဘုချီအပိုဒ်တွင် "မာန်မလုပ်ချင်ဘု၊ မာန်လုပ်လျှင် လွယ်သည်သာပ၊ ငယ်မည်မှာ "န"ကို သတ်ရှုံပဲ၊ နေရပ်ကွယ် မာန်ရွှေလည်နှင့်၊ မာန်နှစ်လီမာန်စုံကွန့်၊ ဖူးအညွန့်ခေါင်ကတင်"ဟုဖွဲ့ဆိုခဲ့ရာ ဆရာတော်ငယ်အမည်တွင် နသတ်ပြီး နေရပ်ကလည်း မန်လည်ဖြစ်သောကြောင့် "မာန်နှစ်လီ မာန်စုံကွန့်"ဟုစပ်ဆိုခဲ့သည်။ ဤမန်နှစ်ထပ်ကွမ်းသံချိုလေးချိုးမှာ ဆရာတော်စာသင်သားများကို ပို့ချစဉ်က ပခုက္ကူမှစာသင်သား ဦးပဉ္စင်းငယ်သုံးပါးမှာ စာကိုကောင်းစွာနားလည်တတ်မြောက်ခြင်းမရှိဘဲ ညံ့ဖျင်းလှသည်ကို တွေ့ရှိရသဖြင့် ပခုက္ကူစာသင်ဆရာတို့အပေါ် စာတတ်ရဲ့လားဟု ပြစ်မှားခဲ့မိသည်။ ထိုရဟန်းငယ်များ၏ သေတ္တာများထဲက စာအုပ်များဖွင့်ကြည့်လိုက်တော့မှ အနှစ်အသားရှိလှသည့် စာဝါများကိုတွေ့ရတော့ အမှန်တရားကို သိမြင်ရသည်။ ထိုအခါ နောင်တတရားရ၍ ပခုက္ကူအရပ်ကိုလှည့်ကာ ရှိခိုးဝန်ချတောင်းပန်ခဲ့ပြီး နောင်တွင် ပခုက္ကူရောက်အောင်သွား၍ ဝန်ချတောင်းပန်ခဲ့သည်။ ပခုက္ကူဆရာတော်ကြီး ပျံလွန်တော်မူနှင့်ပြီးပြီဖြစ်၍ ထိုဆရာတော်၏ အသုံးအဆောင်များကို ဝန်ချကန်တော့ခဲ့သည်။

## သာသနာတော် ပြန့်ပွားထွန်းကားရေး

မန်လည်ဆရာတော်ကြီးသည် ၁၂၆၈ ခုနှစ်တွင် မိုးကုတ်မြို့သို့ သာသနာပြုကြွတော်မူသည်။ ၁၂၇၄ ခုနှစ်တွင် သီပေါမြို့ မဟာရာဇာစော်ဘွားကြီး ပင့်လျှောက်သဖြင့် တစ်ဖန်သာသနာပြုကြွတော်မူပြန်သည်။ ၁၂၈၁ ခုနှစ်တွင် မန္တလေး၊ စစ်ကိုင်းမြို့များမှတစ်ဆင့် ပခုက္ကူ၊ ပြည်၊ ဇလွန်၊ ပုသိမ်မြို့များသို့ ဧရာဝတီမြစ်တစ်လျှောက် ရေလမ်းခရီးဖြင့်ကြွရောက်တော်မူခဲ့သည်။ ဆရာတော်ကြီးသည် မင်းလှမြို့တွင် လယ်တီဆရာတော်နှင့်တွေ့ဆုံ၍ နှစ်ပါးအတူ သီးသန့်မီးရထားဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ကြွချီတော်မူခဲ့ရာ ရန်ကုန်မြို့အရောက်တွင် အမြောက် ၂၁ ချက် ပစ်ဖောက်အပူဇော်ခံရသည်။ ထိုခရီးစဉ်မှ မန်လည်မြို့သို့ ပြန်လည်ရောက်ရှိတော်မူသောအခါ ၁၂၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက် နံနက် ၁ နာရီ မိနစ် ၃၀ သက်တော် ၇၉ နှစ်၊ ဝါတော် ၅၆ ဝါတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ အံ့သြဖွယ်ရာထူးခြားမှုတစ်ရပ်မှာ ဆရာတော်ကြီး၏ မပုပ်မသိုးကြွင်းကျန်ခဲ့သော ရုပ်ကလာပ်ကို မန်လည်မြို့တွင် ယနေ့တိုင် ဖူးတွေ့ကြည်ညိုနိုင်သည်။

## မိမိတို့သိခဲ့သည့် မဃဒေဝမှ ကဗျာတချို့

မိမိတို့သိခဲ့သည့် ကဗျာတချို့သည် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ထဲကဆိုသည်ကို ယခုမှ ရှင်းရှင်းလင်းလင်း သိရပေသည်။ ထိုကဗျာတို့ကို ငယ်စဉ်ကျောင်းသားဘဝက ရင်းနှီးခဲ့ရသကဲ့သို့ အလုပ်ခွင်ထဲ ရောက်စဉ်ကလည်း ဖျတ်ခနဲ ဖျတ်ခနဲ တွေ့ရပေသည်။ ထိုကဗျာတချို့မှာ "ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"။ နောက်ကဗျာတစ်စမှာ "သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏၊ ယွင်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏၊ စည်းစိမ့်အရာ၊ သူ့ချမ်းသာ၌၊ ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့"ဖြစ်ပေသည်။ ထို့ပြင် နောက်ထပ်ကဗျာတစ်စမှာ "သားကိုချစ်ရ၊ ငယ်စဉ်မျှသာ၊ ငယ်ကမှာသား၊ ကြီးသော်ကျားတည့်၊ မမှားပုံသွေး၊ မှန်ချင့်တွေးလော့"နှင့် နောက်ကဗျာတစ်စမှာ "ယုန်ငယ်သဘော၊ မြေပြိုသောဟု၊ ပြောသံကြားရုံ၊ ယုံကြီးယုံ၍၊ လုံးစုံသားပေါင်း၊ ခြေလေးချောင်းတို့၊ သောင်းသောင်းကြွက်ညာ၊ ဉာဏ်မဲ့စွာဖြင့်၊ သမုဒ္ဒရာရေတွင်း၊ ပြေးဝင်ဆင်းရှင့်" တို့ဖြစ်ကြပေသည်။

## မဃဒေဝလင်္ကာဟောင်း

မဃဒေဝလင်္ကာဟောင်းရှိ၍ ထိုလင်္ကာဟောင်းနှင့် ကွဲပြားစေရန်အတွက် ဆရာတော်ကြီးသည် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ "မဟာသုတ" သည် များလှစွာသောအကြားအမြင်ဖြစ်ပြီး "ကာရီ" သည် ထိုအရာတို့ကိုပြုပေးမည့် မဃဒေဝလင်္ကာသစ်ကိုဆိုသည်။ မန်လည်ဆရာတော်သည် ၁၂ နှစ်သားကစတင်၍ ပညာသင်ကြားရာ သရဗျည်း၊ မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ ရတနာရွှေချိုင့်မှ ပရိတ်ကြီး သင်ရသည်။ ပရိတ်ကြီးကုန်လျှင် ဇာတ်ကြီးဆယ်ဘွဲ့ သင်ကြားရသည်။

## လင်္ကာသစ်၏ ခွဲထားသတ်ပုံ

လင်္ကာသစ်၏ ခွဲထားသတ်ပုံများမှာ ကျမ်းတစ်စောင်လုံးတွင် "က" အက္ခရာမှ "အ"အက္ခရာထိ မြားမြောင်ပေါများလှပေသည်။ အချို့ကိုသာ နမူနာအနေဖြင့် ထုတ်နုတ်ဖော်ပြရမည်ဆိုလျှင် အသံတူအက္ခရာကွဲခွဲထားအနေဖြင့် **စာမျက်နှာ ၅ သို့** á

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပြည်ထောင်စု သစ္စာ

\- အကြောင်းအကျိုး ညီစွာ
ကောင်းကျိုး ရည်သန်ပါသည်
မြန်မာပြည်အတွက် ထာဝရ။

\- စုစည်းမှ ထုကြီးမည်
ညီညာမှ ပြည်သာမည်
ခိုင်မြဲမှ မယိုင်လဲမည်
အေးချမ်းမှ ဘေးမသန်းမည်
စနစ်ညီမှ ခေတ်မီမည်
ချစ်ညီနောင် ရည်ဆောင်မှု
ဖြစ်တည်အောင် တည်ထောင်ပြု
ပြည်ထောင်စုအလှ။ ။

မျိုးမြတ်မြတ်မြင့်မောင်

## အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မြောင်းမြ ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၉၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၁၂၉၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေစိုက်ပျိုးနိုင်ဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ နံနံ၊ ပန်းဂေါ်ဖီ၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ငရုတ်၊ ကြက်ဟင်းခါး၊ ပဲပုစွန် စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သီးနှံများ ပျက်စီးလေလွင့်မှုမရှိစေရန် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မင်းဘူးမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မင်းဘူး ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၁၉၅ ဒသမ ၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၈၈ ဒသမ ၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၆ ဒသမ ၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဇင်မာ**

➤ စာမျက်နှာ ၄ မှအဆက်

"မှတ်နာအီလော့၊ ထိုဉ်ခန္ဓာ"တွင် အီနှင့် ဉ်၊ "ပြုပြုစုစု၊ ဟိန်းဟဲဦး၍၊ သည်းအူမချိ"တွင် ဦနှင့် အူတို့ဖြစ်သည်။ အသံတူအနက်ကွဲခွဲထားအနေဖြင့် "မင်းတည်းဟူက၊ ဉာလောက၌"၊ "အချို့ကမူ၊ လောကလူရွာ"၊ "မရှိတုံက၊ ဉာလောက၌"တို့တွင် ကအက္ခရာတို့ဖြစ်သည်။ ထို့အတူ "ငှက်တကာတို့၊ အုံကာဆိတ်ဆွ၊ လုယက်ကြသို့"၊ "ကျီကြတိုက်သွင်း၊ သွင်း၍ထားကာ၊ ခံယူရာ၌၊ အာကာမိုးလုံး၊ ဖုံး၍ရွာချ"တို့တွင် "ကာ" သည် အသံတူအနက်ကွဲခွဲထားဖြစ်သည်။ အပင့်အရစ်ခွဲထားအနေဖြင့် "လူတွင်နိမ့်ကျ၊ သမုတ်ကြသား"၊ "မိုက်မှောင်ကျသို့၊ မိုက်ကြအဟုတ်" တို့တွင် ကျနှင့် ကြတို့ ဖြစ်ကြသည်။ အက္ခရာပရိယာယ်ပြခွဲထားအနေဖြင့် "ဦးခေါင်းထက်၌၊ ဆံပင်၊ ဖြူသည်မြင်က၊ မြင်လျှင်မြင်ခြင်း၊ တင်အချင်းဟု"ဆိုသည်တွင် ခြင်းနှင့် ချင်း၊ "စီးဆင်းလျှံခြောင်း၊ ခိုးထောင်းထောင်းနှင့်၊ မြစ်ချောင်းတူလှ"တွင် ခြောင်းနှင့် ချောင်းတို့ဖြစ်ကြသည်။

**မဟာသုတကာရီ မဃဒေဝလင်္ကာသစ်**

ဆရာတော်၏ လင်္ကာကျမ်းတစ်ကျမ်းလုံးသည်ပင် ဩဝါဒများ အပြည့်ပါပြီး ဘယ်နေရာဖတ်လိုက်ဖတ်လိုက် ဗဟုသုတနှင့် ပညာပေးများချည်းဖြစ်ပေသည်။ ထိုအကြောင်းအရာကို ဆရာတော်အနေဖြင့် မဟာသုတကာရီမဃဒေဝလင်္ကာသစ်၏ စာပိုဒ်ရေ ၆၂၄ ၌ "မဟာဝိနယ၊ ပိဋကနှင့်၊ ဓမ္မနှစ်ဖြာ၊ ဘိဓမ္မာသုတ်၊ ခွဲဝေထုတ်သား၊ ဒတ်တိတ်ပစ္စက်၊ ကိုးချက်ရှစ်သောင်း၊ အပေါင်းလေးထောင်၊ ကုန်အောင်ကြီးငယ်၊ ကျမ်းပင်လယ်မှ၊ ကြိတ်နယ်နှောက်မွှေ၊ ဘော်ထုတ်ဘွေ၍၊ ဆောင်ထွေစုစု၊ ဝတ္ထုရာဇဝင်၊ မဟာဝင်က၊ ပုံပြင်နည်းနာ၊ သဒ္ဒါပရမတ်၊ ပညတ်ဝေါဟာရ၊ ပေါရာဏနှင့်၊ လောကဓမ္မ၊ ရာဇတန္တီ၊ ထုံးမှီစံကျ၊ နည်းစုံပြလျက်"ဟု ညွှန်းဆိုရေးဖွဲ့ထားရှိခဲ့ပေသည်။ သို့ဆိုလျှင် ယခု ဖော်ပြရေးသားမှုသည် အမြည်းစမ်းစရာ ရေကြည်တစ်ပေါက်၊ တစ်စက်၊ တစ်မှုန်၊ တစ်မွှားခန့်သာဖြစ်ပေရာ ဤစာနောက်တွင် မဟာသုတကာရီမဃဒေဝလင်္ကာသစ်ဟုဆိုသည့် အေးမြကြည်လင်သော ဗဟုသုတရေစင်ရေသန့်အပြည့်ရှိသည့် အနောတတ်အိုင်ကြီးရှိနေပေရာ ထပ်မံခပ်ယူ တင်ပြရပေဦးတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- ဦးမဟောသဓပဏ္ဍိတ၏ မဃဒေဝလင်္ကာသစ် အဖွင့်ကျမ်း
- အရှင်သံဝရာလင်္ကာရဓမ္မပိယဆရာတော်၏ မဃဒေဝလင်္ကာ အဖြေကျမ်း
- ဦးသော်ဇင်၏ မန်လည်ဆရာတော်၏ မဟာသုတကာရီ မဃဒေဝ အဘိဓာန်
- ဦးဝမ်ထိန်၏ မကာရလောပအကျော် မန်လည်ဆရာတော်ကြီး၏ ဘဝ၊ စာပေနှင့် လိုက်နာကျင့်ဆောင်ဖွယ်ရာ မဃဒေဝလမ်းညွှန်နီတိများ

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# နိုင်ငံတကာ သတင်းများ

## တရုတ်သမ္မတ ရှီကျင့်ဖျင် အိမ်ဖြူတော်သို့ ယခုနှစ်ကုန်တွင် လာရောက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

ယခုနှစ် နှစ်ကုန်ပိုင်းတွင် ဝါရှင်တန်မြို့ အိမ်ဖြူတော်သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် လာရောက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အဆိုကို ကိုးကား၍ ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် လာရောက်မည့်အချိန်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က အင်န်ဘီစီရုပ်သံဌာနနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကိုယ်တိုင် လာမည့်ဧပြီလအတွင်း တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ဖွယ်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဖေဖော်ဝါရီ ၄ ရက်ကလည်း ဖုန်းခေါ်ဆို၍ နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ ဩဇာအကြီးဆုံးနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြားတွင် အလွန်ကောင်းမွန်သည့် ဆက်ဆံရေးရှိထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က အင်န်ဘီစီရုပ်သံဌာနနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း၌ ထုတ်ဖော်ပြောကြားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့ဖူးကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းအထွေထွေရွေးကောက်ပွဲ၌ ဖုန်ဂျိုင်ထိုင်းပါတီ အနိုင်ရရှိ



**ဗန်ကောက် ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၈ ရက်တွင်ကျင်းပခဲ့သည့်ထိုင်းအထွေထွေရွေးကောက်ပွဲ၌ လက်ရှိဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်၏ ဖုန်ဂျိုင်ထိုင်းပါတီက အမတ်နေရာအများဆုံးရရှိခဲ့ကြောင်း ထိုင်းပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပဏာမရွေးကောက်ပွဲရလဒ်များအရ ဆန္ဒမဲရလဒ် ၉၄ ရာခိုင်နှုန်းရေတွက်ပြီးချိန်တွင် ဖုန်ဂျိုင်ထိုင်းပါတီက ထိုင်းလွှတ်တော်အမတ်နေရာ ၅၀၀ အနက် ၁၉၃ နေရာကိုရရှိထားသည်။

ဖုန်ဂျိုင်ထိုင်းပါတီ၏ အဓိကပြိုင်ဘက်ပါတီဖြစ်သော ပြည်သူ့ပါတီက အမတ်နေရာ ၁၁၈ နေရာဖြင့် ဒုတိယနေရာ၌ရပ်တည်လျက်ရှိသည်။

ထိုင်းနိုင်ငံရေးလောက၌ နှစ်ပေါင်းများစွာ ဩဇာကြီးမားခဲ့သည့် ဖေ့ထိုင်းပါတီကမူ အမတ်နေရာ ၇၄ နေရာဖြင့် တတိယနေရာ၌ရပ်တည်လျက်ရှိသည်။

ထိုင်းရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖေဖော်ဝါရီ ၈ ရက်ရွေးကောက်ပွဲတရားဝင်မဲရလဒ်ကို ရွေးကောက်ပွဲကျင်းပပြီး ရက်ပေါင်း ၆၀ အတွင်း ထုတ်ပြန်ရမည်ဖြစ်သည်။

တရားဝင်မဲရလဒ်များထုတ်ပြန်ပြီးနောက် ၁၅ ရက်အတွင်း လွှတ်တော်သစ်ခေါ်ယူ၍ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ဝန်ကြီးချုပ်သစ်ကို ဆက်လက် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂျပန်ဝန်ကြီးချုပ် တာကာအိချီ၏ ညွန့်ပေါင်းအုပ်စု ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲ၌ အနိုင်ရရှိ

**တိုကျို ဖေဖော်ဝါရီ ၉**

ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့် ဂျပန်အောက်လွှတ်တော်ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် တာကာအိချီ၏ ညွန့်ပေါင်းအုပ်စု သမိုင်းဝင်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျပန် အောက်လွှတ်တော် ရွေးကောက်ပွဲ ရလဒ်များအရ ဝန်ကြီးချုပ် တာကာအိချီ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အောက်လွှတ်တော်အမတ်နေရာ ၄၆၅ နေရာအနက် ၃၁၆ နေရာထိ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးကောက်ပွဲရလဒ်သည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွက် သမိုင်းတစ်လျှောက် အကောင်းဆုံးရွေးကောက်ပွဲရလဒ်ဖြစ်ခဲ့သည်။

ညွန့်ပေါင်းအစိုးရ မိတ်ဖက်ပါတီဖြစ်သော ဂျပန်ပြန်လည်ဆန်းသစ်ရေးပါတီရရှိထားသည့် အမတ်နေရာများကိုပါ ထည့်တွက်ပါက ဝန်ကြီးချုပ် တာကာအိချီအနေဖြင့် ဂျပန်အောက်လွှတ်တော်ကို အမတ်နေရာ ၃၅၂ နေရာဖြင့် ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

ဂျပန် အောက်လွှတ်တော်ကို အမတ်နေရာ သုံးပုံနှစ်ပုံကျော်ဖြင့် ထိန်းချုပ်နိုင်ခဲ့မှုကြောင့် ဝန်ကြီးချုပ် တာကာအိချီအနေဖြင့် ၎င်း၏ အခွန်မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ခွင့် ရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဂျပန်ဝန်ကြီးချုပ်ရာထူး ရယူခဲ့သည့် အသက် ၆၄ နှစ်ရှိ တာကာအိချီသည် ဂျပန်နိုင်ငံ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စပိန်နိုင်ငံမှ မြန်နှုန်းမြင့်ရထားသစ် ၂၂ စီး ဆော်ဒီအာရေဗျ မှာယူ

**မက်ဒရစ် ဖေဖော်ဝါရီ ၉**

ဆော်ဒီအာရေဗျ နိုင်ငံသည် စပိန်နိုင်ငံအခြေစိုက် တယ်လ်ဂိုအက်စ်အေကုမ္ပဏီထံမှ မြန်နှုန်းမြင့်ရထားသစ် ၂၂ စီးကို မှာယူထားကြောင်း စပိန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံက မှာယူထားသည့် မြန်နှုန်းမြင့်ရထားသစ် ၂၂ စီး၏ တန်ဖိုးမှာ ယူရိုငွေ ၁ ဒသမ ၃၃ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံ)ထိ ရှိကြောင်း သိရသည်။

ဆော်ဒီအာရေဗျ နိုင်ငံနှင့် အဆိုပါ သဘောတူညီချက်ကြောင့် တယ်လ်ဂိုအက်စ်အေကုမ္ပဏီရရှိသည့် ရထားသစ်အမှာစာအားလုံး၏ တန်ဖိုးမှာ ယူရိုငွေ ခြောက်ဘီလီယံနီးပါး ရှိလာပြီဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း ကော်ဒိုဗာမြို့အနီး ဖြစ်ပွားခဲ့သည့် အမြန်ရထားနှစ်စီးဝင်တိုက်မှုကြောင့် လူ ၄၆ ဦး သေဆုံးခဲ့ပြီးနောက် စပိန်နိုင်ငံ၏ ရထားလုပ်ငန်းမှာ နာမည်ပျက်ခဲ့ရသည့်တိုင် တယ်လ်ဂိုအက်စ်အေကုမ္ပဏီအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ ရထားသစ်အမှာစာကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနှင့် တယ်လ်ဂိုအက်စ်အေ ကုမ္ပဏီတို့အကြား ရထားသစ်များ အမှာစာသဘောတူညီချက်ရယူနိုင်မှုကို စပိန်သယ်ယူပို့ဆောင်ရေးဝန်ကြီး အော်စကာပူအန်တီက ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ရထားလမ်းစနစ်တွင် တယ်လ်ဂိုအက်စ်အေကုမ္ပဏီထုတ် ရထားများကို ၂၀၁၈ ခုနှစ်မှစ၍ အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်ကိုရီးယားကြည်းတပ် ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် ပျက်ကျ

**ဆိုးလ် ဖေဖော်ဝါရီ ၉**

တောင်ကိုရီးယားကြည်းတပ်မှ အေအိတ်ချ်-၁ အက်စ်ကော်ဘရာ တိုက်ပွဲဝင် ရဟတ်ယာဉ်တစ်စင်းသည် ယနေ့တွင် ပျက်ကျခဲ့ရာ ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေစဉ် တောင်ကိုရီးယား မြောက်ပိုင်း ဂါပြွန်းခရိုင်၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ် ပျက်ကျခဲ့ပြီးနောက် ရဟတ်ယာဉ်မှူးနှစ်ဦးကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်ဦးလုံး သေဆုံးခဲ့ကြောင်း တောင်ကိုရီးယား ကြည်းတပ်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် အေအိတ်ချ်-၁ အက်စ်ကော်ဘရာ ရဟတ်ယာဉ် ပျက်ကျရခြင်း နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း တောင်ကိုရီးယား ကြည်းတပ်က သတင်းထုတ်ပြန်ထားသည်။



လက်ရှိတွင် အေအိတ်ချ်-၁ အက်စ် ကော်ဘရာရဟတ်ယာဉ် ပျက်ကျမှု နောက်ခံအကြောင်းရင်းကို ဖော်ထုတ်ရေးအတွက် တောင်ကိုရီးယား ကြည်းတပ်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းထားကြောင်း သိရသည်။


ယနေ့ဖြစ်စဉ်ကြောင့် တောင်ကိုရီးယားတပ်မတော်သည် ၎င်းတို့ သုံးစွဲနေသည့် အေအိတ်ချ်-၁ အက်စ်ကော်ဘရာ ရဟတ်ယာဉ်များပျံသန်းမှုကို ယာယီရပ်နားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## မဟာအာကာသတွင်းနက်တစ်ခုက ဝါးမျိုထားသည့်ကြယ်တစ်စင်း၏ အကြွင်းအကျန်များကို လေးနှစ်ကြာမှ ပြန်လည်မှုတ်ထုတ်နေ



ဝါရှင်တန် ဖေဖော်ဝါရီ ၉

မဟာအာကာသတွင်းနက်တစ်ခုက ဝါးမျိုထားသည့် ကြယ်တစ်စင်း၏ အကြွင်းအကျန်များကို လေးနှစ်ကြာမှ ပြန်လည်မှုတ်ထုတ်နေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၈ ရက်သတင်းများတွင် ဖော်ပြထားသည်။

AT 2018 hyz ဟူ၍ အမည်ပေးထားသည့် အဆိုပါ မဟာအာကာသတွင်းနက်သည် ၎င်းဝါးမျိုထားသည့်ကြယ်တစ်စင်း၏ ခတ်ကြွင်းများကို ၂၀၁၈ ခုနှစ်မှစ၍ နောင်လေးနှစ်ကြာထိ ပြန်လည်မှုတ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

AT 2018 hyz မဟာအာကာသတွင်းနက်က မှုတ်ထုတ်နေသည့် ရေဒီယို စွမ်းအင်လှိုင်းများသည် Star Wars စစ်ပွဲရုပ်ရှင်ကားများ၌ ပါဝင်သည့် မရဏကြယ်များက ထုတ်လွှတ်နိုင်သည့် စွမ်းအင်ထက် အဆပေါင်း ထရီလီယံ ၁၀၀ ကျော် ပိုပြင်းထန်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

မဟာအာကာသတွင်းနက်များသည် အနီးသို့ရောက်လာသော ကြယ်များကို ၎င်းတို့၏ပြင်းထန်လှသည့်ဒြပ်ဆွဲအားဖြင့် ဝါးမျိုချေဖျက်၍ စွမ်းအင်များ ပြန်လည်မှုတ်ထုတ်တတ်ကြောင်း၊ သို့ရာတွင် AT 2018 hyz မဟာအာကာသ တွင်းနက်ကဲ့သို့ ကြယ်တစ်စင်းကို ဝါးမျိုပြီးနောက် လေးနှစ်ကြာမှ စွမ်းအင်များ ပြန်လည်မှုတ်ထုတ်မှုသည် ယခင်မတွေ့ခဲ့ဖူးသည့် ဖြစ်စဉ်မျိုးဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက အင်္ဂါဂြိုဟ်မစ်ရှင်များကိုဆိုင်းငံ့ထား၍ လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များကို ဦးစားပေးအကောင်အထည်ဖော်မည်ဖြစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၉

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အင်္ဂါဂြိုဟ်မစ်ရှင်များကို ဆိုင်းငံ့ထား၍ လကမ္ဘာ စူးစမ်းလေ့လာရေးမစ်ရှင်များကိုဦးစားပေးအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက်သတင်းများအရ သိရသည်။

မိမိတို့အနေဖြင့် လကမ္ဘာမစ်ရှင်များကိုဦးစားပေးအကောင်အထည်ဖော်မည်ဖြစ်ပြီး အင်္ဂါဂြိုဟ်မစ်ရှင်များကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံသူများကို အသိပေးထားသည်။




လက်ရှိအချိန်တွင် စပေ့စ်အိတ်ကုမ္ပဏီအနေဖြင့် လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် လဆင်းယာဉ်တစ်စင်းကို ၂၀၂၇ ခုနှစ်မတ်လတွင် လွှတ်တင်ရန်ရည်ရွယ်ထားပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသည့် ဂြိုဟ်ဆင်းယာဉ်တစ်စင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း စပေ့စ်အိတ်ကုမ္ပဏီအကြီးအကဲ အီလွန်မက်က ပြောကြားသည်။

သို့ရာတွင် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်များကို ဦးစားပေး အကောင်အထည်ဖော်ရေးအတွက် အဆိုပါ အင်္ဂါဂြိုဟ်မစ်ရှင်ကို ဆိုင်းငံ့ထားမည်ဖြစ်သည်ဟု စပေ့စ်အိတ်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## 31/ATLAS ကြယ်တံခွန်၏အလင်းအားရုတ်တရက်မြင့်တက်လာမှုကို နာဆာ၏ အာကာသရေဒီယိုတယ်လီစကုပ်တစ်ခုက မှတ်တမ်းတင်နိုင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၉

နေအဖွဲ့အစည်းအတွင်းမှ ပြန်လည်ထွက်ခွာနေစဉ် 31/ATLAS ကြယ်တံခွန်၏ အလင်းအား ရုတ်တရက်မြင့်တက်လာမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အာကာသရေဒီယို တယ်လီစကုပ်တစ်ခုက မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

31/ATLAS ကြယ်တံခွန်၏ အလင်းအား ရုတ်တရက်မြင့်တက်လာမှုကို နာဆာ၏ SPHEREx အာကာသရေဒီယိုတယ်လီစကုပ်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက မှတ်တမ်း တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကြယ်တံခွန်သည် နေကို အနီးဆုံးမှတ်မှ ဖြတ်သန်းခဲ့ပြီး နှစ်လအကြာ နေအဖွဲ့အစည်းအတွင်းမှ ပြန်လည်ထွက်ခွာနေစဉ် ခတ်ငွေ့၊ ဖုန်မှုန့်နှင့် ဖွဲ့စည်းပုံရှုပ်ထွေးသည့် မော်လီကျူးများကို မှုတ်ထုတ်ခဲ့ပြီးနောက် အလင်းအားမြင့်တက်လာခြင်းဖြစ်သည်။

31/ATLAS ကြယ်တံခွန်အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အာကာသ ဟင်းလင်းပြင်အတွင်း၌ပင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီး အလင်းအား ရုတ်တရက်မြင့်တက်လာခြင်းလည်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

31/ATLAS ကြယ်တံခွန်အနေဖြင့် အာကာသဟင်းလင်းပြင် အမှောင်ထုထဲသို့ အလင်းအားဖျော့တော့စွာ တိုးဝင်နေရမည့်အစား လှုပ်ရှားမှုများ ပိုအားကောင်းလာပြီး အလင်းအားလည်း ပို၍ သိသိသာသာ မြင့်တက်လာကြောင်း SPHEREx အာကာသ ရေဒီယိုတယ်လီစကုပ်ခတ်ပုံ အထောက်အထားများအရ သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ရှာဖွေတွေ့ရှိခဲ့သော 31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသော တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်ဖြစ်သည်။

Ref : Russia Today
Trs : KKO

# HEALTH

## မိခင်လောင်းဘဝ စိတ်ကျဝေဒနာ ခံစားရသူများက မွေးဖွားလာသောကလေးများ၌ အော်တစ်ဇင်ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

တိုကျို ဖေဖော်ဝါရီ ၉

မိခင်လောင်းဘဝ စိတ်ကျဝေဒနာခံစားရသူများက မွေးဖွားလာသည့် ကလေးများတွင် အော်တစ်ဇင်ရောဂါ ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ တိုဟိုကုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် မိခင်ဦးရေ ၂၃၀၀၀ နှင့် ၎င်းတို့မှ မွေးဖွားလာသည့် ကလေးများ၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိခင်လောင်းဘဝ စိတ်ကျဝေဒနာခံစားခဲ့ရသူများမှ မွေးဖွားလာသော ကလေးများတွင် အော်တစ်ဇင်ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက်ပိုမြင့်မားသည်ကို တွေ့ရကြောင်း သိရသည်။

အထူးသဖြင့် မိခင်လောင်းဘဝ စိတ်ကျဝေဒနာ ခံစားရမှုကြောင့် ကလေးများ၌ အော်တစ်ဇင်ရောဂါ ဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုကို ယောကျ်ားလေးများထက် မိန်းကလေးများတွင် ပို၍ထင်ထင်ရှားရှားတွေ့ရကြောင်း၊ အဆိုပါ အော်တစ်ဇင်ရောဂါ ဖြစ်ပွားမှုကို တားဆီးနိုင်ရန် ဆရာဝန်များ အနေဖြင့် မိခင်လောင်းဘဝ စိတ်ကျဝေဒနာခံစားရသူများကို စစ်ဆေးဖော်ထုတ်၍ ကုသမှုများပြုလုပ်ပေးသင့်ကြောင်း ဂျပန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO

## စတာတင်ဆေးက တွေးထင်ထားသည်ထက် ဘေးကင်းလုံခြုံမှုရှိကြောင်း သုတေသနပညာရှင်များဆို

လန်ဒန် ဖေဖော်ဝါရီ ၉

ကမ္ဘာ့ပြည်သူ သန်းပေါင်းများစွာတို့ သုံးစွဲနေကြသော စတာတင် (Statin)ခေါ် ကိုလက်စထရော လျှော့ချရေးဆေးများသည် ယခင် တွေးထင် ထားကြသည်ထက် ဘေးကင်း လုံခြုံမှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

ဗြိတိသျှ နှလုံးဖေဖောင်ဒေးရှင်း ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးများကြောင့် မှတ်ဉာဏ်ကျဆင်းမှု၊ စိတ်ကျဝေဒနာ၊ အိပ်စက်မှုပုံစံပျက်ပြားခြင်း စသည့်ဘေးထွက်ဆိုးကျိုး အများစု ပေါ်လာနိုင်ခြင်း မရှိကြောင်း သိရသည်။

တစ်ချိန်တည်း၌ပင် စတာတင်ဆေးများသည် နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေများကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

စတာတင်ဆေးများသည် သွေးအတွင်းရှိ ဆိုးကျိုးပြု ကိုလက်စထရောအဆင့်ကို ထိရောက်စွာ လျှော့ချပေးခြင်းဖြင့် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးသည့်ဆေးဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စတာတင်ဆေးများသည် အခြားဆေးများနည်းတူ ဘေးထွက်ဆိုးကျိုးများ ရှိသော်လည်း နည်းပါးကြောင်း၊ ဗြိတိန် သုတေသနပညာရှင်များသည် လူပေါင်း ၁၂၀၀၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဖီလစ်အူကာက Open Occitanie တင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့


**မောင့်ပယ်လီယာ ဖေဖော်ဝါရီ ၉**

ပြင်သစ်နိုင်ငံ မောင့်ပယ်လီယာမြို့တွင် ကျင်းပခဲ့သည့် Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကနေဒါတင်းနစ်ကစားသမား ဖီလစ်အူကာနှင့် ပြင်သစ် တင်းနစ်ကစားသမား မန်နာရီနိုတို့ယှဉ်ပြိုင်ခဲ့ရာ ဖီလစ်အူကာက (၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီလစ်အူကာသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကိုးကြိမ်မြောက် ဆုဖလားကို ဆွတ်ခူးခဲ့ခြင်းဖြစ်သကဲ့သို့ Open Occitanie တင်းနစ်ပြိုင်ပွဲတွင်လည်း လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် စံချိန်မှတ်တမ်းကောင်းများ ရရှိခဲ့ကာ စပေးဘော အထူးကောင်းမွန်မှုကြောင့် Ace ရိုက်ချက် ၁၃ ကြိမ်ထိရခဲ့ကြောင်း သိရသည်။

ဖီလစ်အူကာက "မန်နာရီနိုနဲ့ တွေ့ဆုံတိုင်း အမြဲအခက်တွေ့ခဲ့ရပါတယ်။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်ကတော့ သိပ်ကိုခက်ခဲခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ကျွန်တော့်ဘက်က တစ်ခုအားသာသွားတာက စပေးဘောတွေ တော်တော်လေးကောင်းခဲ့တယ်။ Ace ရိုက်ချက် ၁၃ ကြိမ်ဆိုတာ သိပ်ကိုကောင်းတဲ့မှတ်တမ်းပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**



# ရိုးမားအသင်းက အသင်းနည်းစနစ်ဒါရိုက်တာအဖြစ် ဂန္ထဝင်ကစားသမား တော့တီကို ခန့်အပ်မည်

**ရောမ ဖေဖော်ဝါရီ ၉**

ရိုးမားအသင်းက အသင်းနည်းစနစ်ဒါရိုက်တာအဖြစ် အသင်းဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် တော့တီကိုခန့်အပ်မည်ဖြစ်ကြောင်း Dello Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၉ နှစ်ရှိတော့တီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၁၉၉၂ ခုနှစ်က ရိုးမားအသင်းနှင့်အတူ စတင်ခဲ့ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် ရိုးမားအသင်းတစ်သင်းတည်းတွင်သာ ကစားခဲ့ကာ ၂၀၁၇ ခုနှစ်က ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။

တော့တီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ရိုးမားအသင်း နည်းစနစ် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း အသင်းပိုင်ရှင် ဟောင်းများနှင့် ဆက်ဆံရေး အဆင်မပြေမှုများကြောင့် ၂၀၁၉ ခုနှစ်က ရာထူးမှ နုတ်ထွက်ခဲ့သူဖြစ်သည်။

ယခုအခါ ရိုးမားအသင်းပိုင်ရှင်သစ်များက အသင်းနည်းစနစ်ဒါရိုက်တာအဖြစ် တော့တီကို ပြန်လည် ခန့်အပ်လိုနေသည့်အတွက် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး တော့တီအနေဖြင့် နည်းစနစ်ပိုင်းများအပြင် ကစားသမားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာများကို မြှင့်တင်ပေးနိုင်ရန်အတွက် အသင်းပိုင်ရှင်များက အလိုရှိနေခြင်းဖြစ်သည်။

တော့တီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက ရိုးမားအသင်းတွင် ၁၉၉၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၇၈၅ ပွဲထိ ကစားခဲ့ကာ အသင်းတွင်ပွဲအများဆုံး ကစားသမားအဖြစ် ရပ်တည်နေပြီး သွင်းဂိုး ၃၀၇ ဂိုးထိ သွင်းယူခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Dello Sports**
**Trs : STA**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၉**



မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲများ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပ အားကစားကွင်းတွင် ရာမညယူနိုက်တက် အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် ကောင်းခန့်ကျော်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၄၄ မိနစ်တွင် မိုးဆွေ၊ ပွဲချိန် ၉၁ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူခဲ့ကြကာ ISPE အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် မိနစ် ၇၀ တွင် ဝင်းပြည့်မောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ရခိုင်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ဆက်လက် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ STA

# ဘရန်ဒန်၏ WBA ဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ကို ရီယာ့ဒ်မြို့တွင် ထိုးသတ်စေလိုကြောင်း အလာရှိခ် ပြောကြား

**ရီယာ့ဒ် ဖေဖော်ဝါရီ ၉**

WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ဘရန်ဒန်သည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို ထိုးသတ်ရန် ဆွေးနွေးမှုများပြုလုပ်နေပြီး အဆိုပါပွဲစဉ်ကို ဆော်ဒီအာရေဗျနိုင်ငံ အခြေစိုက် General Entertainment Authority ၏ဥက္ကဋ္ဌ အလာရှိခ်က ရီယာ့ဒ်မြို့တွင် ထိုးသတ်စေလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Ring Magazine သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရန်ဒန်သည် WBA ဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို နှစ်ကြိမ်ထိ အောင်မြင်စွာ ကာကွယ်ထားသူဖြစ်ပြီး တတိယမြောက် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကိုလည်း အောင်မြင်စွာ ကာကွယ်နိုင်ရေးအတွက် ပြင်ဆင်နေကြောင်း သိရသည်။

ထိုးသတ်မည့် ပြိုင်ဘက်ကို ရွေးချယ်နေဆဲဖြစ်ပြီး လက်ဝှေ့လောက၏ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲများကို တာဝန်ယူကျင်းပပေးနေသည့် General Entertainment Authority က ဘရန်ဒန်၏ပွဲစဉ်ကို လက်ခံကျင်းပနိုင်ရေးအတွက် စီစဉ်နေကြောင်းသိရသည်။

General Entertainment Authority ၏ ဥက္ကဋ္ဌဖြစ်သူ အလာရှိခ်က "WBA ဖယ်သာဝိတ်တန်းလက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်ထိုးသွားမဲ့ ဘရန်ဒန်ရဲ့ စိန်ခေါ်ပွဲကို ရီယာ့ဒ်မြို့မှာ လက်ခံကျင်းပသွားနိုင်ရေးအတွက် စီစဉ်နေပါတယ်။ ဘရန်ဒန်အနေနဲ့ သူ့ရဲ့ တတိယမြောက် ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်ကို ရီယာ့ဒ်မြို့မှာ ကျင်းပသွားဖို့ကို လက်ခံမယ်လို့လဲမျှော်လင့်ပါတယ်။ General Entertainment Authority အနေနဲ့ ဒီစိန်ခေါ်ပွဲအတွက် အကောင်းဆုံး ဖြစ်အောင် စီစဉ်ပေးနိုင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Ring Magazine**
**Trs : AZL**

# ဘာစီလိုနာအသင်း ဥက္ကဋ္ဌရာထူးအပြောင်းအလဲဖြစ်ပေါ်ပါက အသင်းနည်းပြဖလစ် ရာသီအကုန်တွင် နုတ်ထွက်ဖွယ်ရှိနေ

**ဘာစီလိုနာ ဖေဖော်ဝါရီ ၉**



ဘာစီလိုနာအသင်း နည်းပြဖလစ်သည် ဘာစီလိုနာအသင်း ဥက္ကဋ္ဌရာထူး အပြောင်းအလဲဖြစ်ပေါ်ခဲ့ပါက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်ဖွယ်ရှိနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာသည် အသင်းဥက္ကဋ္ဌအဖြစ် ကာလရှည်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး လက်ရှိနည်းပြဖလစ်နှင့်လည်းကောင်းမွန်သည့် ဆက်ဆံရေးများ ရှိသူဖြစ်သည်။

ဘာစီလိုနာ အသင်းသည် အသင်းစည်းမျဉ်းများအရ ငါးနှစ်လျှင် တစ်ကြိမ်ဥက္ကဋ္ဌရာထူးအတွက် ရွေးကောက်ပွဲကျင်းပကာ ရွေးချယ်ခြင်းဖြစ်ပြီး ဘာစီလိုနာအသင်း ဥက္ကဋ္ဌရာထူးရွေးကောက်ပွဲကို ယခုနှစ် မတ်လအတွင်း ကျင်းပမည်ဖြစ်သည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌရာထူးအတွက် ရွေးကောက်ပွဲတွင် လာပေါ်တာနှင့်အပြိုင် ရွေးကောက်ပွဲဝင်မည့်သူများကလည်း မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်နေသည့်အတွက် လာပေါ်တာအနေဖြင့် ဘာစီလိုနာအသင်း ဥက္ကဋ္ဌရာထူးအတွက် မရေမရာဖြစ်နေခြင်းဖြစ်သည်။

နည်းပြဖလစ်သည် လက်ရှိဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာ၏ ယုံကြည်မှုနှင့်အတူ ၂၀၂၂ ခုနှစ်က ဘာစီလိုနာအသင်းနည်းပြအဖြစ်ခန့်အပ်ခံခဲ့ရပြီး အသင်းကို ဆုဖလားများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

နည်းပြဖလစ်သည် ဘာစီလိုနာအသင်းနှင့်စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း လာမည့်ရွေးကောက်ပွဲတွင် လာပေါ်တာအနေဖြင့် ရှုံးနိမ့်ကာ ဥက္ကဋ္ဌရာထူး လက်လွှတ်ရပြီး အသင်းဥက္ကဋ္ဌအပြောင်း အလဲဖြစ်ပေါ်လာမည်ဆိုပါက အသင်းနည်းပြရာထူးမှ နုတ်ထွက်ဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂေါ့တာအပ် ဆွတ်ခူး



အရီဇိုးနား ဖေဖော်ဝါရီ ၉

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင်ကျင်းပခဲ့သည့် WM Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂေါ့တာအပ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂေါ့တာအပ်သည် နောက်ဆုံးနေ့အပြီးတွင် ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီ လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခဲ့ကြပြီး ချန်ပီယံဆုအဆုံးအဖြတ်အတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ဂေါ့တာအပ်က အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

မက်ဆူယာမာအနေဖြင့် ပြိုင်ပွဲတစ်လျှောက် အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ရခဲ့သော်လည်း နောက်ဆုံးနေ့တွင် အမှားအနည်းငယ် ကျူးလွန်ခဲ့သည့်အတွက် နောက်မှ ဖိအားပေးနေသည့် ဂေါ့တာအပ်နှင့် ရိုက်ချက်တူကာ Play-off အဆင့် ကစားခဲ့ရခြင်းဖြစ်သည်။

ဂေါ့တာအပ်သည် ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ပြီး ဒုတိယနေ့နှင့် တတိယနေ့တို့တွင် အမှားအနည်းငယ်ရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားဦးဆောင်သူနေရာမှ ဖယ်ပေးခဲ့ရသော်လည်း နောက်ဆုံးနေ့တွင် အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့သည်။

ဂေါ့တာအပ်က "မက်ဆူယာမာဟာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး လုပ်ပြနိုင်ခဲ့သလို ချန်ပီယံဆုနဲ့ထိုက်တန်တဲ့ ပြိုင်ပွဲဝင်တစ်ယောက် ဖြစ်ပါတယ်။ နောက်ဆုံးနေ့မှာတော့ ကျွန်တော်ကံကောင်းခဲ့ပါတယ်။ မက်ဆူယာမာကို အမီလိုက်နိုင်ခဲ့ပြီးတော့ Play-off အဆင့်မှာလဲ အမှားနည်းခဲ့တဲ့အတွက် ချန်ပီယံဖြစ်ခွင့် ရခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Today
Trs : AZL

# ဗီယက်နမ်နိုင်ငံက ကမ္ဘာ့အကြီးဆုံးအားကစားကွင်းတည်ဆောက်မည့် စီမံကိန်းကိုကြေညာခဲ့ပြီး ၂၀၃၅ ခုနှစ်အပြီးတည်ဆောက်ရန် လျာထား

ဟနွိုင်း ဖေဖော်ဝါရီ ၉

ဗီယက်နမ်နိုင်ငံက ကမ္ဘာပေါ်တွင် အကြီးဆုံးအားကစားကွင်း တည်ဆောက်ရန် စီမံကိန်းကို ကြေညာခဲ့ပြီးနောက် ၂၀၃၅ ခုနှစ်တွင် အပြီးတည်ဆောက်ရန် စီစဉ်ထားကြောင်း Daily Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံက နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် အားကစားပွဲတော်များကို အိမ်ရှင်အဖြစ် လက်ခံ ကျင်းပနိုင်ရန်အတွက် ကမ္ဘာပေါ်တွင် အကြီးဆုံး အားကစားကွင်း ဖြစ်လာမည့် အားကစားကွင်းသစ်ကို စတာလင်ပေါင် ၂၈ ဘီလီယံထိအကုန်ကျခံပြီး တည်ဆောက်မည် ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အားကစားကွင်းသစ်အမည်ကို Trong Dong Stadium ဟု အမည်ပေးထားပြီး အားကစားကွင်းတည်ဆောက်ရေးစီမံကိန်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ဗီယက်နမ်နိုင်ငံအစိုးရထံမှ ခွင့်ပြုချက်ရရှိခဲ့ပြီးနောက် မကြာမီတည်ဆောက်မည်ဖြစ်ပြီး အားကစားကွင်း အတွင်း အားကစားပြိုင်ပွဲများ၊ အားကစား ပွဲတော်များအပြင် အခြားဖျော်ဖြေရေး၊ နိုင်ငံရေး ပွဲတော်များကိုလည်း ကျင်းပနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း သိရသည်။

Trong Dong Stadium ကို တည်ဆောက်ပြီးစီးပါက ပရိသတ်ဦးရေ ၁၃၅၀၀၀ ထိ ဝင်ဆံ့နိုင်မည်ဖြစ်ပြီး ကမ္ဘာပေါ်တွင် ထိပ်တန်းအားကစားကွင်းများအဖြစ်ရပ်တည်နေသည့် အင်္ဂလန်နိုင်ငံရှိ ဝင်ဘာလေ အားကစားကွင်း၊ အိုးထရက်ဖို့ဒ်အားကစားကွင်း၊ တရုတ်နိုင်ငံရှိ ငှက်သိုက်အားကစားကွင်း၊ ကာတာနိုင်ငံရှိလူဆဲလ်အားကစားကွင်းတို့ကိုကျော်ဖြတ်ကာ အကြီးဆုံး အားကစားကွင်းဖြစ်လာမည်ဖြစ်သည်။

Trong Dong Stadium အားကစားကွင်းကို တည်ဆောက်ပြီးစီးပါက နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် အားကစားပွဲတော်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် အခွင့်အလမ်းများ ပိုင်ဆိုင်လာဖွယ် ရှိနေကြောင်း သိရသည်။

Ref : Daily Mail
Trs : STA

# အာဆင်နယ်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းမှ ဒီယက်ဇ်ကို လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဒုတိယအကြိမ်ကမ်းလှမ်းမည်




လန်ဒန် ဖေဖော်ဝါရီ ၉

အာဆင်နယ် အသင်းက လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်ကစားသမား ဒီယက်ဇ်ကိုခေါ်ယူရန် ဒုတိယအကြိမ် ကမ်းလှမ်းမှုများ လုပ်ဆောင်မည် ဖြစ်ကြောင်း Football London သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် အသင်းတိုက်စစ်ပိုင်းကို အင်အားဖြည့်တင်းရန်အတွက် ယခုနှစ် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက ဒီယက်ဇ်ကိုခေါ်ယူရန် ကမ်းလှမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ပယ်ချခဲ့သည်။

အာဆင်နယ် အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အနာဂတ်မရေမရာ ဖြစ်နေသည့် အိုဒီဂတ်က အသင်းမှထွက်ခွာဖွယ်ရှိနေသည့်အတွက် ၎င်း၏နေရာတွင်အစားထိုးရန် ဒီယက်ဇ်ကို ဒုတိယအကြိမ် ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ ဒီယက်ဇ်သည် ၂၀၁၈ ခုနှစ်က မန်စီးတီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်က အေစီမီလန်အသင်းထံ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဒီယက်ဇ်သည် အေစီမီလန် အသင်းတွင် ခြေစွမ်းပြသခဲ့သည့်အတွက် ၂၀၂၃ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက အသင်းထံ ပြန်လည် ခေါ်ယူခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသထားပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်နေကြောင်း သိရသည်။

Ref : Football London
Trs : STA

# ပရီးမီးယားလိဂ် ပွဲစဉ်(၂၆)ပွဲကြိုသုံးသပ်ချက်များ

ML

## ချယ်ဆီး Vs လိဒ်

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၆ (နံနက် ၂:၀၀ နာရီ)

ပထမအကျော့ရလဒ်

လိဒ် ၃ - ၁ ချယ်ဆီး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ချယ်ဆီး | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| လိဒ် | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(နိုင်) |

ချယ်ဆီးအသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေသလို ဥရောပဝင်ခွင့်အတွက် နောက်ပိုင်းပွဲစဉ်တွေမှာ အမှားခံမှာမဟုတ်ပါဘူး။ လိဒ်အသင်းရဲ့ လက်ရှိတိုက်စစ်ပိုင်းက ကောင်းမွန်နေတယ်ဆိုပေမဲ့ အခုပွဲစဉ်မှာ ခံစစ်ပိုင်းဦးစားပေးကစားလာမှာပါ။ ဒါ့ကြောင့် ချယ်ဆီးအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ချယ်ဆီး ၃ - ၁ လိဒ်

## အဲဗာတန် Vs ဘုန်းမောက်

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၆ (နံနက် ၂:၀၀ နာရီ)

ပထမအကျော့ရလဒ်

ဘုန်းမောက် ၀ - ၁ အဲဗာတန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | - | အိမ်(သရေ) | ဝေး(သရေ) | ဝေး(နိုင်) |
| ဘုန်းမောက် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

အဲဗာတန်အသင်းဟာ ပြိုင်ပွဲစုံနောက်ဆုံးခြောက်ပွဲဆက်ရှုံးနိမ့်မှု မရှိဘူးဆိုပေမဲ့ ဘုန်းမောက်အသင်းကလဲ လီဗာပူးအသင်းကို အနိုင်၊ အေဗီလာလိုအသင်းကို သရေကစားနိုင်ခဲ့ပြီး လက်ရှိတိုက်စစ်ပိုင်း အကောင်းဆုံးပုံစံမှာရှိနေတဲ့အသင်းပါ။ ဒါ့ကြောင့် အိမ်ကွင်းဖြစ်ပေမဲ့ အဲဗာတန်အသင်း ရလဒ်မကောင်းနိုင်ပါဘူး။

ခန့်မှန်းရလဒ် - အဲဗာတန် ၁ - ၂ ဘုန်းမောက်

## စပါး Vs နယူးကာဆယ်

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၆ (နံနက် ၂:၀၀ နာရီ)

ပထမအကျော့ရလဒ်

နယူးကာဆယ် ၂ - ၂ စပါး

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| စပါး | - | ဝေး(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |
| နယူးကာဆယ် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

စပါးအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသလို တန်းဆင်းဇုန်ကအသင်းနဲ့လည်း အမှတ်ကွာဟမှုမရှိပါဘူး။ ဒါပေမဲ့ နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားတဲ့ နယူးကာဆယ်အသင်းကလဲ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကျဆင်းနေတဲ့အသင်းပါ။ အိမ်ကွင်းမှာ အဘက်ဘက်က ဖိအားပေးကစားလာမဲ့ စပါးအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - စပါး ၁ - ၀ နယူးကာဆယ်

# ကိုပါအီတာလီယာ ကွာတားဖိုင်နယ် ပွဲကြိုသုံးသပ်ချက်

ML

## နာပိုလီ Vs ကိုမို

ကစားမည့်ရက်/အချိန် ၁၁-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နာပိုလီ ၀ - ၀ ကိုမို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နာပိုလီ | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ကိုမို | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

နာပိုလီအသင်းဟာ အခုပွဲစဉ်မှာ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့အကောင်းဆုံးပြင်ဆင်လာပါလိမ့်မယ်။ ကိုမိုအသင်းရဲ့ လက်ရှိဘောလုံးရာသီခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတယ်ဆိုပေမဲ့ နာပိုလီအသင်းရဲ့ တိုက်စစ်ပိုင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲနိုင်တာကြောင့် နာပိုလီအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - နာပိုလီ ၃ - ၁ ကိုမို

# ငြိမ်းချမ်းပါစေ

ဇော်လေး



ယနေ့ခေတ်အချိန်ကာလလို ကမ္ဘာ့တစ်နေရာရာက ဖြစ်ပျက်နေသော ထူးခြားသောအဖြစ်အပျက်တစ်စုံတစ်ခုသည် တောမီးကဲ့သို့ တစ်မုဟုတ်ချင်း ပြန့်နှံ့သွားတတ်သည်ကို စာဖတ်သူလည်း သိနေမြင်နေပြီးသားမို့ အထူးဖော်ပြစရာကားမလိုပေ။ ဂလိုဘယ်ဗစ်လစ်၊ ကမ္ဘာ့ရွာကြီးပမာဖြစ်လာခဲ့ပြီဟု လွန်ခဲ့သောအနှစ်၂၀ ဆီကပင် ပြောခဲ့ကြလေသည်။

ယခင်က အမေရိကန်ပြည်ထောင်စုတွင် ဘယ်တုန်းကမှ မဖြစ်ပေါ်ဖူးခဲ့သော လမ်းလျှောက်ခြင်းတစ်ဖွဲ့ ထွက်ပေါ်လာခဲ့သည်။ ရည်ရွယ်ချက် အဓိကသည် ရိုးရှင်းတိကျသဖြင့် လူတိုင်းနားလည်နိုင်ပေသည်။ Walk For Peace **ငြိမ်းချမ်းရေးအတွက်လမ်းလျှောက်ခြင်း**၊ အမေရိကန်မှာရှိနေကြသော အရှေ့တိုင်းရင်းသား(အာရှတိုက်သား) ထေရဝါဒဗုဒ္ဓဘာသာကျောင်းများမှ သဘောတူညီစွာ စုပေါင်းတိုင်ပင်လျက် ရဟန်းသံဃာတော် ၁၉ ပါးတို့သည် မိုင်ပေါင်း ၂၃၀၀ ကျော်မျှ ဝေးသောလမ်းခရီးတစ်ခုကို ကား၊ ဆိုင်ကယ်၊ စက်ဘီးစသည် ဘာယာဉ်မှမစီးဘဲ ခြေလျင်ကြွမည်ဆိုသောသတင်းဖြစ်သည်။ သွားရမည့် ခရီးရှည်ကြီးကား တက္ကဆက်ပြည်နယ်မှ ဝါရှင်တန်ဒီစီမြို့တော်ထိဖြစ်လေသည်။ ရဟန်းတော်များသည် ထေရဝါဒဗုဒ္ဓဘာသာဆရာတော်များဖြစ်ပေသည်။

အမေရိကန်နှင့် ဥရောပတိုက်တွင် ဗုဒ္ဓဘာသာသည် ယခင်ကလည်း ရောက်ရှိခဲ့ပါ၏။ အထိုက်အလျောက်လူသိများလာပြီး အတန်အသင့်ပြန့်ပွားသည်ဟုဆိုနိုင်ပါသော်လည်း ထေရဝါဒဗုဒ္ဓဘာသာတော့မဟုတ်ကြပေ။ အနောက်တိုင်းတွင် လူသိများပြီး ခေတ်စားကြသည်မှာ တိဘက်ဗုဒ္ဓဘာသာ၊ ဂျပန်ဇင်ဗုဒ္ဓဘာသာစသော မဟာယာနဗုဒ္ဓဘာသာများသာဖြစ်ပေသည်။ သီဟို၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့မှာ အများစု ထွန်းကားသည့် ထေရဝါဒဗုဒ္ဓဘာသာကိုမူ အမေရိကန်ပြည်ထောင်စုတစ်လွှားဝယ် လူသိသူသိအလွန်နည်းပါးလှပေသည်။

Walk For Peace ငြိမ်းချမ်းရေးလမ်းလျှောက်ခရီးစဉ်ကား ခြေလျင်တစ်လှမ်းချင်း မိုင်ပေါင်း ၂၀၀၀ လောက်ကို ရက်ပေါင်း ၉၀ (၃လကျော်) နေ့နေ့ညည ကြွချီကြမည်ဖြစ်သည်။ ၂၀၂၅ခုနှစ် အောက်တိုဘာလမှာ စတင်ခဲ့သည်။ တက္ကဆက်ပြည်နယ်၊ ဖိုးဝပ်မြို့မှ အောက်တိုဘာ ၂၆ ရက်မှာ ထွက်ခွာခဲ့သည်။ တက္ကဆက်မှ မြောက်ကာရိုလိုင်းနားပြည်နယ်စသဖြင့် ပြည်နယ်တချို့ကို ဖြတ်သန်းကြွချီကြမည်။ သံဃာတော်အရှင်မြတ်များ၏ ဆန္ဒဖြစ်သော ငြိမ်းချမ်းရေးပြန့်ပွားအောင်၊ မေတ္တာတရား၊ ကြင်နာစာနာတတ်မှု ကရုဏာတရား၊ စိတ်ကိုတည်ငြိမ်စေပြီး ကိုယ်ကျင့်တရားဖြူစင်စေသည့် တရားတို့ဖြင့် ကမ္ဘာလောကကြီးရှိ ဝိရောဓိနှင့် ပဋိပက္ခများ လျော့ပါးသက်သာစေခြင်း ရည်ရွယ်ချက်ဖြင့် ကြွချီတော်မူသဖြင့် လမ်းခရီးတစ်လျှောက် ရောက်လေရာရာ ပြည်နယ်အသီးသီးမှ မြို့တော်ဝန်များကလည်း လှိုက်လှဲပျူငှာစွာ ကြိုဆိုကူညီကြသည်။ ဂုဏ်ပြုမိန့်ခွန်းများဖြင့် ထောက်ခံခဲ့ကြောင်း ပြသကြသည်။

နိုဝင်ဘာလမှ ဒီဇင်ဘာလထိ စာရေးသူက အွန်လိုင်းမီဒီယာမှာ တွေ့နေရသော်လည်း ဆက်မကြည့်ဖြစ်ပေ။

သဘာတရားကို အကြောင်းပြုပြီးမူရင်းရည်ရွယ်ချက်တစ်ခုခုဖြင့် အဖျားရှူးသွားတတ်သော ဖြစ်စဉ်၊ ဖြစ်ရပ်တွေကလည်း များပြားလှပြီဖြစ်သဖြင့် တကယ်စစ်မှန်ခြင်း ရှိ၊ မရှိအဟုတ်အမှန်လား၊ လုပ်ကြံလီဆယ်သော သရုပ်ပြဇာတ်ကွက်တွေလား၊ ရေရေရာရာ မဝေခွဲတတ်ခဲ့သဖြင့် မယုံနိုင်သေးပေ။

၂၀၂၆ ဇန်နဝါရီလ ဒုတိယပတ်ကို ကျော်လာပါမှ သာ ဤဖြစ်ရပ်သည်ကား အလိမ်အညာလည်းမဟုတ်၊ ပေါ်ပြူလာဖြစ်အောင် တမင်လုပ်သော ထိုးဇာတ်၊လုပ်ဇာတ်၊ ဘာသာရေးဗန်းပြလှည့်စား အမြတ်ထုတ်မှုမျိုးမဟုတ်ကြောင်း ထင်ရှားလာသဖြင့် ဤဆောင်းပါးတွင် ထည့်သွင်းဖော်ပြခြင်းဖြစ်ပေသည်။

ဆန္ဒပြခြင်းမဟုတ်။

တောင်းဆိုခြင်းမဟုတ်။

အုပ်ချုပ်သူများ၊ ဘာသာကွဲသူများနှင့်လည်း အတိုက်အခံ၊ အငြင်းအခုံမပြု၊ တစ်ဦးတစ်လေတားသူ၊ ဆန့်ကျင်သူတွေ့ရသော်လည်း ဦးဆောင်ဆရာတော်က ပြေပြေလည်လည် ကြည်ကြည်သာသာ မေတ္တာဓာတ်ပါသော လေသံစကားဖြင့် ချိုချိုအေးအေး ပြောပြတော်မူရာ ဒေါ်နှင့်မောနှင့် အစကအော်ဟစ်ပြောဆိုသူလည်း ပြုပြင်သွားပြီး တားမြစ်ခြင်းမှ ရပ်စဲလိုက်ကြောင်းတွေ့ရ၏။

ညနေခင်းတရားဟောပွဲ၊ ညချမ်းတရားပွဲ၊နေ့ခင်းတရားပွဲတချို့ကိုလည်း ရုပ်နားသော၊ နံနက်စာဘုဉ်းပေးတော်မူသော၊ အချို့ ညအိပ်သောမြို့များတွင် တရားနာပရိသတ် ဘာသာမတူ၊ ဘာသာမဲ့သူ၊ လူမျိုးပေါင်းစုံ၊ ရာပေါင်း၊ ထောင်ပေါင်းများစွာ ပရိသတ်ကို ရယ်စရာပြောလျှင် ရယ်အောင်၊ လွမ်းစဖွယ်ပြောလျှင် လွမ်းအောင်၊ ပရိသတ်၏ နှလုံးထိရောက်ရှိအောင် ဦးဆောင်ဆရာတော် ဘိက္ခုပညာကာရသည် ကျွမ်းကျင်လိမ်မာစွာ ဟောကြားတော်မူခဲ့ပေသည်။ ဆရာတော်ဟောကြားသမျှသည် ပိဋကတ်တရားတော်လာ ထေရဝါဒ တရားသဘောတွေချည်းသာဖြစ်သဖြင့် အံ့သြဝမ်းသာ သာဓုအကြိမ်ကြိမ်ခေါ်မိပါ၏။

ဩော်...တော်လည်းတော်ပေမည်။ ဆီလျော်စွာ ဟောပြောနိုင်သည်မှာ အမေရိကန်တွင် သီတင်းသုံးနေထိုင်ခဲ့သည်ပင် ၁၈ နှစ်မျှ ကြာမြင့်လှပြီကိုး။ ပရိသတ်၏ အကြိုက်၊ အကြောက်၊ မျှော်လင့်ချက်၊ အခက်အခဲ၊ နေ့စဉ်ဘဝဖြတ်သန်းနေရပုံနှင့် ခံစားချက်များကိုသူက အနီးကပ်ရှုမှတ် နားလည်ထားပြီးသူပေကိုး။ တရားတော်အဆီအနှစ်များကို မိမိ ဗုဒ္ဓဘာသာမဟုတ်သေးသော တစ်စိမ်းတစ်ရံလူများ လွယ်လွယ်ရှင်းရှင်း နားဝင်အောင်ကား သူတို့နေ့စဉ်ပြောနေကျ၊ ကြုံနေကျ၊ ကြားနေကျ ဘာသာစကားဖြင့်သာ ကိုက်ညီမှာဖြစ်၍ ပါဠိ၊အဘိဓမ္မာ၊ သုတ္တံတရားတော်များကို လူပြိန်းအနောက်နိုင်ငံသူ၊ နိုင်ငံသားအရွယ်အမျိုးမျိုးနားဝင်လက်ခံအောင် မတိုမရှည်၊ မကျယ်မကျဉ်း၊ အတိုင်းအဆမှန်စွာ ဟောကြားတတ်ပါပေသည်။

အသံထဲတွင် သီလ၏ခွန်အားပါသည်။ သဒ္ဓါတရား၏အားအင်ကို မြင်ရသည်။ မေတ္တာဓာတ်၏ အငွေ့အသက်ကို ခံစားရသည်။ အလေ့အကျင့် ကုသိုလ်ပါရမီ၏ ကြည်လင်သော စကားသံက ရှင်းလင်းပြတ်သားသည်။

ဘိက္ခုအရှင်ပညာကာရသည် သက်တော်လေးဆယ်ကျော်ဝန်းကျင် အရွယ်ကောင်းဖြစ်သည်။ နုလည်း မနုလွန်း၊ ရော်လည်းမရော်လွန်း။ ထေရဝါဒဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို ရေရေရာရာဂဃနဏ ဟောနိုင်ခြင်းကား မြန်မာနိုင်ငံသို့ ကြွချီလာပြီး နှစ်နှစ်တိုင်တိုင် ၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်ထိ ပရိယတ္တိကောပဋိပတ္တိပါ ဆည်းပူးလေ့ကျင့်ခဲ့ရသည်။ သူ့ဆရာတော်က မြန်မာသို့ငါးနှစ်သွားနေပြီး စာတွေ့လက်တွေ့သွားရောက်လေ့လာ၊လေ့ကျင့်ခဲ့ဟု မှာကြားစေလွှတ်သဖြင့် တက္ကဆက်ရှိသူ၏ ကျောင်းတိုက်ဆရာတော်သည် စိတ်ကပ်ညိခြင်းမရှိဘဲ ပစ်ထားပြီးအားထုတ်နိုင်ခဲ့၏။ နှစ်နှစ်ပဲနေပြီး ပြန်လာခဲ့တော့ဆိုမှ ပြန်လာသည်။ မသွားချင်ပါဘူးလည်းမရှိ၊ မပြန်လာချင်ပါဘူးလည်းမရှိ။ မိမိအထက်က ဆရာတော်ကြီးမိန့်ကြားသည့်အတိုင်းသာ နာယူ၏။ ဘာလုပ်ဆောင်ချင်သလဲမေးသဖြင့် ဤငြိမ်းချမ်းရေးခရီးမိုင် ၁၈၀၀ (ကီလိုမီတာ ၂၄၀၀ ခန့်)ကို အချိန်သုံးလကျော် ခရီးပြင်းကြွချီ၍ ငြိမ်းချမ်းရေးအတွက် လမ်းလျှောက်လိုပါကြောင်း ခွင့်တောင်းသည်။ နာယက ဆရာတော်ကြီးက အရှင်ပညာ ကာရကို ခွင့်ပြုတော်မူခဲ့သည်။

မြန်မာပြည်တွင် ဆရာကောင်း သမားကောင်း ဆရာတော်ကြီးများထံတွင် တပည့်ခံ၍ ကောင်းစွာအကျိုးထင်ခဲ့ပေပြီ။ ပရိသတ်ထဲက သူတို့သိချင်ရာရာကို လျှပ်တစ်ပြက် မေးသောမေးခွန်းများကို ဖြေကြားပေးရသည်။ တရားအနှစ်သာရနှင့်လည်း ညီအောင်၊ မေးသူ၏ အနုသယျ လိုလားချက်နှင့်လည်း ကွက်တိရောက်အောင်ချက်ချင်း မဆိုင်းဖြေကြားတော်မူနိုင်ပေသည်။ ပြည်နယ်များစွာ၊ လူမျိုးများစွာ၊ ပုဂ္ဂိုလ်ကြီးငယ်များစွာ၊ ဆင်းရဲချမ်းသာအလွှာများစွာက လမ်းဘေးဝဲယာတွင် လေးစားချစ်ခင် ရှိသေအားကိုးစွာ ဦးခိုက်ပူဇော်ကြသည်။ ဦးတင်ရှိခိုးကြသည်။ ပန်းများ ရေချမ်း(ရေသန့်ဘူး)များ ကပ်လှူကြသည်။ ဖူးမြင်ခွင့်ရ၍ ပြုံးပျော်ရွှင်မြူးသွားသူများတွေ့ရသည်။ ဤကဲ့သို့ထူးခြားဆန်းကြယ်သော အခွင့်အရေးကို သူမို့ကြုံရပြီး ကွယ်လွန်သွားခဲ့သူ ဆွေမျိုးမိဘတွေအား မြင်စေ၊ တွေ့စေ၊ ဖူးမြင်ခွင့်မရလေဟု ကြေကွဲငိုယိုသူများလည်း မြင်ရသည်။

ဆရာတော်များကြွချီပုံနှင့် ရပ်နားသောမြို့တချို့တွင် အထက်တန်းကျောင်း၊ ဘောလုံကွင်း၊ ကွင်းပြင်စသည်တို့၌ ဆရာတော်က ပရိသတ်ကို အကျိုးရှိအောင် တိုတိုကျဉ်းကျဉ်းနှင့် ရှင်းရှင်းလင်းလင်း ဟောပြတိုက်တွန်းသောတရားများသည် အနောက်တိုင်းအမေရိကန် လူဖြူလူမည်းပရိသတ်ကို ထိထိမိမိပင်ခံစားနားလည်နိုင်ပါပေသည်။ ဆရာတော်၏ ဥပဓိရုပ်သည် အာရှတိုက်သား ပီသသည်။ မျက်နှာပုံပန်းက မြန်မာအညာသားရုပ်နှင့်ဆင်တူသည်။

မိုးထဲလေထဲ၊ နှင်းပွင့်ဖွေးဖွေးများ အေးစက်စွာဖြိုင်ဖြိုင်ကျနေသော ရာသီဥတုထဲတွင် ခက်ခဲကြမ်းတမ်းမှုကို ဖြတ်ကျော်ရသော ခြေလျင်ခရီးလမ်းဖြစ်ပါ၏။ ဤခရီးတွင် ဆရာတော် ၁၉ ပါးသည် အသက်အရွယ် ၃၀ ကျော်မှ ၇၀ ကျော်လည်း ပါဝင်သည်။ အသက်ကြီးရင့်သည့် ဆရာတော်များလည်း အားတင်း၍ ပါဝင်ကြွချီကြပေသည်။

ဦးဆောင်ဆရာတော် ဗုဒ္ဓဂယာမှာ သီတင်းသုံးခဲ့စဉ်က လမ်းဘေးခွေးများသည် ဆရာတော်တို့ ကြွချီရာလမ်းတစ်လျှောက် တစ်ကောက်ကောက် လိုက်တတ်ကြသည်။ သို့ရာတွင် အချိန်ကြာလာသောအခါ ရဟန်းတော်များသွားလေရာရာသို့ အမြဲတစေလိုက်သော လမ်းဘေးခွေးလေးတစ်ကောင်ပဲ ကျန်တော့သည်။ ဤခွေးက ဆရာတော်ကို ခင်မင်သည်။ ဆရာသခင်အဖြစ် ဆည်းကပ်နာခံသည်။ ထို့ကြောင့် တက္ကဆက်ဆရာတော် ဘိက္ခုပညာကာရသည် ဤခွေးကို "အလောက" အလင်းရောင်ဟု အမည်ပေး၍ စောင့်ရှောက်မွေးမြူလာခဲ့သည်။ မြန်မာပြည်သို့ ပရိယတ်ပဋိပတ် သွားရောက်သင်ယူစေဟု ဆရာတော်ကြီးက စေလွှတ်တာဝန်ပေးသောအခါ ထိုခွေးလေးကို ကျောင်းမှာပဲထားရစ်ခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုလို တိုင်းပြည်ကြီးတွင် ပြည်တွင်းပြည်ပ အားပြိုင်မှုအမျိုးမျိုးဖြင့် ဝိရောဓိများ၊ ပဋိပက္ခများ၊ မတည်ငြိမ်မှုများ၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးအခြေအနေ အပြောင်းအလဲအမျိုးမျိုးဖြစ်ပေါ်နေသော အချိန်အခါမျိုးမှာ ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းသံဃာ ၁၉ ပါးက"ငြိမ်းချမ်းရေးအတွက်လမ်းလျှောက်ခြင်း"ဟူ၍ ခက်ခဲကြမ်းတမ်းသော ခရီးရှည်တစ်ခုကို ဖိနပ်မပါ၊ ခြေဗလာဖြင့်(ခရီးတစ်ဝက်ရောက်သောအခါနှင်းရေ၊ မိုးရေတို့ဖြင့် ခြေဝတ်စရာမပါဘဲ မည်သို့မျှမသွားနိုင်တော့သဖြင့်) ခြေစွပ်၊ ခြေအိတ်၊ အသက်ကြီးသောရဟန်းတို့ကား ရှူးဖိနပ်တို့ကို စီးနှောင်ဝတ်ဆင်လျက် ခရီးဆက်ခဲ့ကြလေသည်။

ဤလှုပ်ရှားမှု ခရီးစဉ်အကြောင်းကို အမေရိကန်ရှိ သတင်းဌာနအမျိုးမျိုးက Breaking News အဖြစ်လည်းကောင်း၊ ဖြစ်ရပ်မှတ်တမ်းအနေဖြင့် လည်းကောင်း၊ တေးသီချင်းနောက်ခံ၊ တေးဂီတတီးလုံးနောက်ခံ၊ ရှင်းလင်းတင်ပြချက်များစသဖြင့် အမျိုးမျိုးရိုက်ကူးဖော်ပြခဲ့ကြပေသည်။ ကမ္ဘာတစ်ဝန်း စိတ်ဝင်တစား ကြည့်ရှုအားပေးကြကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံမှ ဒေါက်တာ အမျိုးသမီးတစ်ဦးကလည်း မြန်မာဘာသာဖြင့် ငြိမ်းချမ်းရေးလမ်းလျှောက်ဆရာတော် ဦးဆောင်သူ အရှင်ပညာကာရ၏ ဟောကြားချက်ကို ရှင်းပြခြင်းတို့တွေ့ရသည်။

ထုတ်လွှင့်ချက်များကို အနောက်တိုင်းသားများက မှတ်ချက်ပေးပြောဆိုကြပုံများလည်း ဖတ်ရသည်။ သူတို့ ထိတွေ့ခံစားရသမျှ တင်ပြနေကြသည့်အချက်များကို ခြုံငုံစုစည်းလိုက်ပါက အကျိုးကြီးမားထူးခြားလှပါသည်။ မေတ္တာတရားပြန့်ပွားခြင်း၊ လူလူချင်းရင်းနှီးနားလည်စေခြင်း၊ မေတ္တာကရုဏာရရှိခြင်း၊ ငြိမ်းချမ်းခြင်း၊ မိတ်ဆွေသဘောထားရရှိခြင်း၊ စည်းလုံးလိုစိတ်ရှိခြင်း၊ ကိုယ်ကျင့်တရားကောင်းမှုပြုလိုစိတ်ပေါ်ခြင်း၊ စုပေါင်းညီညွတ်ခြင်း၏ အင်အားကို နားလည်ရခြင်း၊ စိတ်တည်ငြိမ်စေမှုသမာဓိကို လေ့ကျင့်စေခြင်း စသည်တို့တွေ့ရှိရပေသည်။

သာဓု၊ သာဓု၊ သာဓု။

# Hey Play Application နှင့် Channel 7 ရုပ်သံလိုင်းတို့မှ မာယာရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ ထုတ်လွှင့်မည်




**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးတင်ဆက်သည့် မာယာရုပ်သံဇာတ်လမ်းတွဲကို Hey Play Applicationနှင့် Channel 7 ရုပ်သံလိုင်းမှ ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါ မာယာရုပ်သံဇာတ်လမ်းတွဲကို တာဝန်ယူ ရိုက်ကူးထားသည့် ဒါရိုက်တာမင်းစနေထံမှ သိရသည်။

အဆိုပါ မာယာရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းယုက ရေးသားထားကာ ဒါရိုက်တာမင်းစနေက ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ လူငယ်ကြိုက် ဒရာမာဇာတ်လမ်းတွဲပါ။ ပရိသတ်တွေ အကြိုက်တွေ့မဲ့ ထူးထူးခြားခြား သုံးပွင့်ဆိုင် ဒရာမာဇာတ်လမ်းတွဲဖြစ်ပါတယ်။ အလိုလောဘဖုံးလွှမ်းနေတဲ့ ရွာသူတစ်ယောက်ရဲ့ နောက်ဆုံးဇာတ်သိမ်းက ဘယ်လိုတွေဖြစ်သွားမှာလဲဆိုတာကို စိတ်ဝင်စားစွာ ကြည့်ရှုရမဲ့ ဒီဇာတ်လမ်းတွဲကိုတော့ Hey Play Application နဲ့ Channel 7 ရုပ်သံလိုင်းကနေ ထုတ်လွှင့်သွားဖို့ ရှိပါတယ်"ဟု ဒါရိုက်တာ မင်းစနေက ပြောပြသည်။

မာယာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညိမ်းသော်၊ ဇေယံ၊ ဘုန်းနေခေတ်၊ သီဟအောင်၊ အလင်းသစ်၊ အောင်မျိုးသူ၊ သာသာ၊ မေသူထွန်း၊ ရွှေပုံ၊ မြတ်မှူးဝတီကျော်၊ ခင်ကျော့ရှင်း၊ ဝတီမေ၊ မသူ၊ ဟေမာနန်းစိုး၊ မသဲ၊ ယုယုဇော်၊ ဝင်းမြတ်မြတ်ဖြိုးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

အဆိုပါ မာယာရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၆ နာရီတွင် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Lost in Jersey ဒရာမာဇာတ်ကား၌ မင်းသား ဘရိုက်ဂေဇာနှင့် ဂျမ်မက်သရူးတို့ ပါဝင်မည်ဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၉**

Lost in Jersey အမည်ရှိ ဒရာမာ ဇာတ်ကားသစ်တွင် မင်းသား ဘရိုက်ဂေဇာနှင့် ဂျမ်မက်သရူးတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

Lost in Jersey ဇာတ်ကားသည် ၁၉၆၀ ပြည့်နှစ်ကာလ နယူးဂျာစီပြည်နယ်ကို နောက်ခံထား၍ ကျောင်းသားနှစ်ဦးနှင့် ကျောင်းဆရာတစ်ဦးတို့ကြား ဆက်ဆံရေးကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ သောမက်ဒက်ကာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသား ဂျမ်မက်သရူးက ဝတ္ထုဇာတ်ညွှန်း ရေးသားပေးထားသည်။

ဒါရိုက်တာ သောမက်ဒက်ကာသည် မူလက ရုပ်ရှင်သရုပ်ဆောင် တစ်ဦးဖြစ်သော်လည်း နောက်ပိုင်းတွင် ဒါရိုက်တာတစ်ဦးဖြစ်လာသူဖြစ်ပြီး အဆိုပါ ဇာတ်ကားကို ယခုနှစ်အတွင်း ဖီလာဒဲဖီးယားမြို့၌ စတင်ရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် Lost in Jersey ဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် ကိုင်ဇာနှင့် မေခလာတို့၏ တေးဂီတဖျော်ဖြေပွဲကို ဒေါပုံမြို့နယ်ရှိ ကံတက် The River View Music Bar & B.B.Q တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

တေးသံရှင် ကိုင်ဇာနှင့် မေခလာတို့၏ ဘုရင်မအတွက် အချစ်ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်ရှိ ကံတက် The River View Music Bar & B.B.Q ၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာထံက သိရသည်။




အဆိုပါ တေးသံရှင် ကိုင်ဇာနှင့် မေခလာတို့၏ ဘုရင်မအတွက် အချစ်ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို ကံတက် The River View Music Bar & B.B.Q တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Creator Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"ချစ်ငယ်နဲ့ကိုညီတို့ရဲ့ ဘုရင်မအတွက် အချစ်ကိုယ်ရံတော်လို့ အမည်ပေးထားတဲ့ တေးဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၂ ရက် ည ကံတက်မှာ စီစဉ်ထားပါတယ်။ ပရိသတ်တွေလဲ အလွတ်နီးပါး ရနေတဲ့ ကိုညီနဲ့ ချစ်ငယ်တို့ ငယ်ငယ်ကဆိုခဲ့ကြတဲ့ ဟိုတုန်းက သီချင်းတွေကို ပြန်လည်ခံစားနားဆင်ပေးဖို့ လာခဲ့ကြပါအုံးလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မေခလာက ပြောပြသည်။

အဆိုပါ တေးသံရှင် ကိုင်ဇာနှင့် မေခလာတို့၏ ဘုရင်မအတွက် အချစ်ကိုယ်ရံတော် တေးဂီတဖျော်ဖြေပွဲကို လာမည့် ဖေဖော်ဝါရီ ၁၂ ရက် ည ၆ နာရီတွင် စတင်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ASH

# 21 Down အားကစားလောက ဒရာမာဇာတ်ကား၌ နီယာဗာဒါလော့စ်နှင့် ရစ်ချက်တီဂျုံးတို့ ပါဝင်လာ

**နယူးယောက် ဖေဖော်ဝါရီ ၉**

21 Down အမည်ရှိအားကစားလောက ဒရာမာဇာတ်ကားတွင် မင်းသမီး နီယာဗာဒါလော့စ်နှင့် မင်းသား ရစ်ချက်တီဂျုံးတို့လည်း ပါဝင်လာကြောင်း ဖေဖော်ဝါရီ ၈ ရက် သတင်းများအရ သိရသည်။

21 Down ဇာတ်ကားတွင် နီယာဗာဒါလော့စ်နှင့် ရစ်ချက်တီဂျုံးတို့သည် မင်းသမီး အက်ရှ်လေဂျပ်၊ မင်းသား ဒက်ရှ်ရှီးမီးယာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် ကာဒန်ကာ့စ် အမည်ရှိ အမေရိကန်လူငယ်တစ်ဦး၏ ဘဝမှန်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ကာဒန်ကာ့စ်သည် ကောလိပ်လက်ရွေးစင်အသင်း၌ ပါဝင်ခွင့်ရခဲ့သည့် ပထမဆုံး Down Synd–rome ရောဂါလူနာဖြစ်ပြီး အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဆီရန်းမက်နာမာရာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကာ ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာဂျေးပေါလ်ဒီရာတာနီနှင့် ရွှန်ဘေ့စ်တို့က ရေးသားပေးထားသည်။

လက်ရှိတွင် 21 Down ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို အတ္တလန္တာမြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မုန်းမာန်ငြိုး မြန်မာရုပ်သံဇာတ်လမ်းတွဲကို လာမည့်မတ်လဆန်းတွင် Mahar Application နှင့် Mahar TV ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

Mahar Application နှင့် ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် မုန်းမာန်ငြိုး မြန်မာရုပ်သံဇာတ်လမ်းတွဲကို လာမည့် မတ်လဆန်းတွင် Mahar Application နှင့် Mahar TV ရုပ်မြင်သံကြားလိုင်းတို့မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဝင့်ယမုံနိုင်ထံမှ သိရသည်။

အဆိုပါ မုန်းမာန်ငြိုး မြန်မာရုပ်သံ ဇာတ်လမ်းတွဲသည် လွန်းထားထား (ဆေးတက္ကသိုလ်)၏ အောင်မြင်ထင်ရှားသည့် နှလုံးသားဆုံချက်၏ အလယ်ဗဟိုတည့်တည့်ဝတ္ထုကို မယ်ခိုင်က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ပွင့်သီကိဇော်က Mahar Applica–tion နှင့် ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးတို့အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူး ထားကြောင်း သိရသည်။

"ပထမဆုံး Mahar နဲ့ လက်တွဲတဲ့ ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဇာတ်လမ်းက တော်တော်လေးလဲ ကောင်းပါတယ်။ အချစ်ကြီးတာကနေစပြီး လောင်မြိုက်ကြတဲ့ ဇာတ်လမ်းလေးပါ။ အချစ်တွေကြီးပြီးတော့ အမုန်းအငြိုးတွေ အာဃာတတွေ ဖြစ်လာတာပေါ့။ ဒရာမာဇာတ်ကားလို့လဲ ပြောရမှာပါ"ဟု သရုပ်ဆောင် ဝင့်ယမုံနိုင်က ပြောပြသည်။

အဆိုပါ မုန်းမာန်ငြိုးဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရန်အောင်၊ အောင်ရေချမ်း၊ ညီထွဋ်ခေါင်၊ မင်းတော်ဝင်၊ ဝင်းခန့်မိုး၊ ထူးနိုင်လင်း၊ တာတာ၊ ဝင့်ယမုံနိုင်၊ သံသာညီ၊ အေးသီတာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets with Chairman of Union Election Commission, Nay Pyi Taw Council Chairman, region/state chief ministers

## State recognizes and thanks people who voted as decorous citizens for nation's dignity and UEC and officials for the success of the election



Senior General Min Aung Hlaing meets with the Chairman of the Union Election Commission, the Nay Pyi Taw Council Chairman, and region/state chief ministers.

**Nay Pyi Taw February 9**

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing held a meeting with the Chairman of Union Election Commission, the Nay Pyi Taw Council Chairman, and region/state chief ministers at the meeting hall of National Defence and Security Council Office this afternoon.

Also present at the meeting were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, Executive Chief U Aung Lin Dway, SSPC Secretary General Ye Win Oo, SSPC members, union ministers, UEC members, deputy ministers and officials.

**Successful holding of the election**

In his address, the Senior General said multiparty democracy general election was held successfully in 263 townships in three phases beginning from 28 December 2025. During the election, people went to the polls enthusiastically and in discipline. Voters waiting their turn in queues illustrates the public support of the election and endeavour of the State.

Some politicians who have different political views did not take part in the election. Over 13.14 million voters out of over 24 million eligible voters of the country went to the polls, and the voter turnout was 54.22 percent. A study of international elections shows that general elections were in 199 countries in 2025 and the nearest periods, and it is found that the voter turnout was less than 54 percent. Included in the said 50 countries were France, Algeria, Bulgaria, Egypt, Croatia, Jamaica, Japan, countries where democracy flourished. Hence, the Myanmar election can be claimed to be a successful one.

Voting was via the MEVMs and they were used in the election after undergoing tests many times during the preparatory period before the election. The government in office has to assume the responsibilities of the State due to vote rigging at the 2020 multiparty democracy general election. Hence, the government in office conducted the 2024 population and housing census for the correctness of the voter lists. Checks and counter checks were made a number of times to ensure that voter lists had no errors. There were some people missing in the voter lists for certain reasons, but utmost efforts were made to clear the voter list from any mistakes.

Each MEVM at each polling station was functioning independently, and there was no connection between one MEVM and another. The government in office has assumed the duties of the State as there was vote rigging at the 2020 election, so it made efforts to ensure that the voter list was free from errors and that the election was free and fair and it was honourable and successful. Although the State had to bear a lot of financial expense for the election, the phase by phaseprogram had reduced the cost, and ensured a proper system in taking measures for the management and security functions.

Preparations were made to prevent the occurrence of any kind of vote rigging in advance voting. Those who could be absent during the voting period were systematically recorded and made arrangements for them to cast advance votes. The Senior General expressed sincere thanks for the voters, saying that it is a pride for the country, that they were the persons who truly loved and accepted the multiparty democracy, and that they went to the polls peacefully and in discipline as the dignified citizens.

When this Government assumed responsibility, the Union Election Commission was restructured, and systematic scrutiny was carried out in connection with the 2020 multiparty democratic general election, with necessary actions taken accordingly. Subsequently, it was observed that preparatory work for holding elections and the enactment of election-related laws were also implemented in a systematic manner. Therefore, the speaker expressed gratitude not only to the current Chairperson and members of the Union Election Commission but also to the previous Union Election Commission that served during this Government's term.

Efforts were made to enable political parties to participate during the election. In doing so, the proportional representation (PR) system was applied to ensure that smaller parties and ethnic representatives could take part in the parliamentary political arena. It was also undertaken so that representatives from all regions and from ethnic political parties could enter the legislature and participate in discussions and actions concerning the interests of their respective regions and their aspirations. As a result of these efforts, it was observed that more representatives from ethnic political parties and smaller parties are participating in the current election.

**Plans for small parties and ethnic representatives to join the forthcoming Hluttaw**

A total of 57 political parties contested in the election, and six parties competed in all regions and states. Hluttaw representatives from 31 parties and one independent candidate were elected. According to the vote results, the Union Solidarity and Development Party received 44.19 per cent, the National Unity Party 13.34 per cent, the People's Party 8.85 per cent, the People's Pioneer Party 7.65 per cent, and the Shan and Nationalities Democratic Party 6.17 per cent. Representatives from ethnic political parties likewise secured victories. As the process was carried out under the proportional representation (PR) system, this was seen as effectively implementing a genuine multiparty system.

The registration of political parties was carried out systematically in accordance with the law. Based on the election results obtained, the relative strength of party membership can be estimated. Political parties cannot remain detached from the public; those parties that maintained extensive engagement with the people and were able to carry out effective party organization and mobilization secured public support. Lessons can also be drawn that political parties must undertake systematic preparations well in advance of election periods. Parties are required to publicize their policies and regulations so that the public is well informed and to conduct organizational and outreach activities accordingly. It was further emphasized that efforts must be made to ensure that future elections are conducted better than the current one. With regard to the election results obtained, political parties were informed that if they have any doubts,

*See Page 13*

*From Page 12*

they may submit them to the Union Election Commission in accordance with established procedures.

**Need to make preparations to convene Hluttaw sessions**

As the election has now been successfully held and concluded, preparations are currently under way to convene the Hluttaw sessions in the near future. The Union Government, together with region and state governments, is carrying out advance preparatory work accordingly. It was emphasized that preparations need to be made to ensure the readiness of relevant Hluttaw buildings, as well as to provide convenient arrangements for accommodation, catering, and healthcare services for Hluttaw representatives.

**Further efforts for the forthcoming elected government to smoothly work process**

The records of the current Government's actions should be compiled and maintained in a systematic manner. In line with the saying "one written word is worth a hundred spoken words," accurate and well-organized documentation should be kept at the Union, region, and state levels. This was underscored as necessary to ensure that future governments are able to assume and carry out state responsibilities smoothly on the basis of accurate information.

**Need to strive for economic development of the State in available time frame**

The economic driving force is essential for the development of a country. Therefore, during the remaining period of this Government, efforts must be made to promote national economic development. Since the country can only progress through economic growth, it was urged that everyone work together to develop the economy within the available time. In carrying out these efforts, priority should be given to agriculture, livestock, and production-related sectors as the foundation.

Agricultural activities should be carried out to increase yield per acre, and efforts should also be made to promote multiple-cropping practices. While efforts have been made since the assumption of responsibility to ensure domestic edible oil sufficiency, the results achieved so far have been limited. Therefore, continued efforts are needed to successfully cultivate oil-producing crops. These crops should be grown primarily to support domestic oil production rather than for export as raw materials. Only in this way can domestic oil sufficiency improve and the use of foreign currency be significantly reduced.

Due to unmet agricultural targets, the country's annual revenues have been declining. Efforts should therefore be made to achieve output in accordance with per-acre yield targets to increase income. By doing so, foreign exchange earnings will raise, which will in turn significantly support domestic economic development. These efforts are also meant to assist the incoming government in continuing the work.

**Necessary to create clean, pleasant, and beautiful good environments for the people**

In accordance with the motto we have set, "Let's preserve the natural environment for the tranquility of the State," the people must strive to be able to live in a beautiful and pleasant good environment. As it is necessary to carry out planting and preserving trees and forests, for the cleanliness, beauty, and greenery of towns and villages, it is also desired that efforts be made accordingly by the relevant regions and states. By creating and providing good environments for the people in this way, the people's mindsets will improve, and they will achieve greater peace and prosperity.

**Necessary for all school-aged children to be able to receive an education for the future development of the State**

In the near future, students will reach the summer school holiday period. During this summer school holiday period, it is necessary to be able to open and conduct summer courses that will help them in their lives, allowing the children to use their time beneficially. Through systematically resting physically and mentally, it is necessary to act so that they develop a desire to strive even harder in the coming academic year.

All school-aged children attending school is very important for the future development of the State. It is necessary to collectively strive to help, as much as possible, to increase the transition rates of students. It is necessary to be able to formulate an education system that will benefit the State and the lives of students. It is necessary to act so that youths can master subjects that allow them to stand on their own feet. In areas where schools cannot be opened for various reasons, it is necessary to act so that schools can be reopened and teaching conducted within the coming academic year.

**Strive to ensure security and stability region by region**

Security and stability work region by region must be collectively striven for by the Tatmadaw, the Myanmar Police Force, and all responsible persons. In carrying out this work, it must be done in collaboration with the people living in the region who desire stability and peace. In unstable regions, groups that are armed and carrying out violent acts are engaging in forced self-interested pursuits for their own personal gain, such as producing and selling narcotic drugs and illegally extracting natural resources found in respective regions.

Due to these terrorists, regional instability occurs, and because basic education schools are closed, school-aged children are losing many of their rights. For the people to fully enjoy stability and peace, the strength of the Tatmadaw, the strength of the Myanmar Police Force, and the strength of the people must be combined to suppress the terrorists. It is necessary for region and state chief ministers to carry out stability and peace work in their respective regions using administrative and management methods, and it is necessary to carry out all tasks that will be helpful for the upcoming government.

**The Chairman of the Union Election Commission explains the actions taken to successfully hold the election**

Subsequently, the Chairman of the UEC explained regarding the delineation of townships where elections could and could not be held for the successful holding of a multi-party democracy general election, the step-by-step compilation of voter lists, the successful holding of the election in stages, the voter list results, the announcement of the list of elected representatives, the situation regarding the timely relocation of Myanmar Electronic Voting Machines to designated locations in stages and their systematic reinstallation and use, and the fact that because the election was carried out systematically and impartially, there have been no objections from political parties regarding the election up to now.

Continuing, region and state chief ministers and attendees presented general discussions.

Afterwards, in the concluding remarks, regarding MSME businesses, it was seen with joy that MSME products from various regions and states actively and competitively participated in the Union-level MSME Product Exhibition and Sales Fair commemorating the 79th Union Day in 2026. For national economic development, MSME businesses play a key role, and much progress is also seen. It was observed that visitors also came in large numbers, viewing and studying with interest. It is necessary to increase production to be better than currently being done, and it is necessary to obtain import-substituting products and export products. Whether in terms of technology or production, it is necessary to strive more than now to improve quality and standards. If production is carried out to progressively improve beyond the current qualities, types, and quantities, it will also lead to national economic development. This exhibition is a valuable one for our country, and during the fair period, conducting meetings and discussions among business owners themselves, exchanging experiences, and carrying out studies can lead to greater economic progress. It is necessary for region and state chief ministers to also support, promote, and carry out MSME businesses, and it is necessary to strive and work for the progress of the national economy. 100

# Japan's main opposition party co-leaders to resign over election loss

**Tokyo February 9**

The two co-leaders of Japan's main opposition Centrist Reform Alliance (CRA) announced on Monday that they would resign to take responsibility for the party's major defeat in the lower house election.

The CRA, formed in January by the Constitutional Democratic Party of Japan and the Komeito party, saw its lower house seats drastically reduced to 49 from the pre-election tally of about 170 after Sunday's race.

Yoshihiko Noda and Tetsuo Saito, co-leaders of the newly formed opposition, informed a party board meeting of their intention to resign from their posts.

"The election results are disastrous," Noda said at a press conference on Monday morning. "We'll naturally take responsibility."

Noda told reporters that the new leadership will be decided by Feb. 18, in time for a parliamentary session to reinstate Sanae Takaichi as Japan's prime minister following the House of Representatives election.

Xinhua




Yoshihiko Noda (L) and Tetsuo Saito, co-leaders of Japan's main opposition party Centrist Reform Alliance, attend a press conference in Tokyo, Japan, Feb. 9, 2026.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ရေတပ်က Harpoon Block II Update ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုအောင်မြင်စွာ ပြီးစီးခဲ့



အမေရိကန်ရေတပ်သည် Harpoon Block II Update ဒုံးကျည်စမ်းသပ်မှုကို ဇန်နဝါရီ ၁၆ ရက်တွင် အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း ဖေဖော်ဝါရီ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယခုစမ်းသပ်မှုသည် ဒုံးကျည် အဆင့်မြှင့်တင်ရေး အစီအစဉ်၏ တတိယမြောက်နှင့် နောက်ဆုံး ပျံသန်းမှုစမ်းသပ်ချက်ဖြစ်ပြီး အဆိုပါစမ်းသပ်မှုကို အမေရိကန်ရေတပ်၏ တိကျပစ်ခတ်မှု လက်နက်များဆိုင်ရာ စီမံကိန်းရုံးနှင့် Boeing ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စမ်းသပ်မှုကို Naval Air Weapons Station China Lake နှင့် Point Mugu Sea Range စမ်းသပ်ရေးကွင်းတို့တွင် ပြုလုပ်ခဲ့ပြီး ကုန်းပေါ်ရှိပစ်မှတ်တစ်ခုကို ပင်လယ်ပြင်မှ ကမ်းခြေပစ်မှတ်ချေမှုန်းရေးစစ်ဆင်ရေးအဖြစ် ပစ်ခတ်ပြသခဲ့ခြင်းဖြစ်သည်။

အမေရိကန်ရေတပ်၏ ကနဦးသုံးသပ်ချက်များအရ စမ်းသပ်မှု၏ ရည်မှန်းချက်အားလုံးကို အောင်မြင်စွာ ပြည့်မီခဲ့ကြောင်း သိရသည်။

ဤစမ်းသပ်မှုသည် Harpoon Block II Update ဒုံးကျည်၏ စွမ်းဆောင်ရည်ကို မတူညီသော စစ်ဆင်ရေးပုံစံအမျိုးမျိုးတွင် အတည်ပြုနိုင်ရန် ရည်ရွယ်သည့်အပိုင်းသုံးပိုင်းပါဝင်သော စမ်းသပ်မှုအစီအစဉ်၏ နောက်ဆုံးအဆင့်လည်း ဖြစ်သည်။

ယခုစမ်းသပ်မှုတွင် Harpoon Block II Update ဒုံးကျည်ကို အမြင့်ပေ ၁၂၀၀၀ ခန့်တွင် F-15 တိုက်လေယာဉ်ပေါ်မှ စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ဒုံးကျည်သည် သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း အမြင့်ပေ ၅၀၀၀ သို့ ဆင်းသက်ပျံသန်းခဲ့ပြီး ပစ်မှတ်ဧရိယာသို့ ရောက်ရှိချိန်တွင် ကမ်းခြေစစ်ဆင်ရေးပုံစံတူအဖြစ် ပစ်မှတ်ကို အပေါ်စီးမှ ချေမှုန်းသည့် (Steep Dive) စနစ်ကို အောင်မြင်စွာ သရုပ်ပြနိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်ရေတပ်၏ ထုတ်ပြန်ချက်အရ Harpoon Block II Update ၏ စမ်းသပ်မှုအစီအစဉ်တွင် ပထမအဆင့်အနေဖြင့် ဒုံးကျည်၏ လမ်းညွှန်မှုစနစ်နှင့် လေထုအတွင်း ပျံသန်းမှုစွမ်းရည်ကို စစ်ဆေးခဲ့ခြင်း၊ ဒုတိယအဆင့်အဖြစ် ပင်လယ်ပြင်ရှိ ရွေ့လျားနေသော ရေယာဉ်ပစ်မှတ်များကို ပစ်ခတ်နိုင်စွမ်းကို သရုပ်ပြခဲ့ခြင်းနှင့် ယခုနောက်ဆုံးအဆင့်အတွက် ကုန်းပေါ်ရှိပစ်မှတ်များကိုပါ ထိရောက်စွာ ချေမှုန်းနိုင်ကြောင်း အတည်ပြုနိုင်ခဲ့သဖြင့် ဤဒုံးကျည်သည် ရေပြင်အပြင် ကုန်းပေါ်ပါ ပစ်ခတ်နိုင်သည့် ဘက်စုံသုံး လက်နက်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်။

စနစ်ပိုင်းဆိုင်ရာ စမ်းသပ်မှုများ အားလုံးနီးပါးပြီးစီးပြီဖြစ်၍ အဆင့်မြှင့်တင်ထားသော အဆိုပါ ဒုံးကျည်သစ်များကို ယခုနှစ်နှောင်းပိုင်းတွင် မိတ်ဖက်နိုင်ငံများထံ စတင်လွှဲပြောင်းပေးအပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

Harpoon ဒုံးကျည်ကို လွန်ခဲ့သော ဆယ်စုနှစ် ၅ ခုကျော် ကတည်းက စတင်အသုံးပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အမေရိကန်ရေတပ်အပြင် မိတ်ဖက်နိုင်ငံပေါင်း ၃၀ ကျော်က အသုံးပြုလျက်ရှိကြောင်း သိရသည်။

ယခု Harpoon Block II Update အစီအစဉ်သည် ခေတ်မမီတော့သော အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပြီး လက်နက်၏ သက်တမ်းကို တိုးမြှင့်ရန်နှင့် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများ အတွက် ဆက်လက်ထုတ်လုပ်ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

**U.S. Navy concludes final test of upgraded Harpoon missile ကို ဘာသာပြန်ဆိုထားပါသည်။**

## အီဂျစ်နိုင်ငံက တူရကီယဲထုတ် TOLGA တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ဝယ်ယူရန် စာချုပ်ချုပ်ဆို



အီဂျစ်နိုင်ငံသည် တူရကီယဲနိုင်ငံထုတ် TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ဝယ်ယူရန် အတွက် အမေရိကန်ဒေါ်လာ သန်း ၁၃၀ တန်ဖိုးရှိစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု Defence Blog သတင်းဌာနက ဖေဖော်ဝါရီ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူရကီယဲနိုင်ငံအခြေစိုက် Makine ve Kimya Endüstrisi (MKE) ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ အီဂျစ်ကာကွယ်ရေးဝန်ကြီးဌာနနှင့် ချုပ်ဆိုခဲ့သည့် အဆိုပါ သဘောတူညီချက်တွင် ဒရုန်းများ၊ အဆင့်မြင့်ခဲယမ်းများနှင့် ခရုဇ်ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် TOLGA တာတိုပစ် လေကြောင်းရန်ကာကွယ်ရေး စနစ်များ ပေးပို့ရန်ပါဝင်ကြောင်း သိရသည်။

ယခုသဘောတူစာချုပ်သည် တူရကီယဲ နိုင်ငံထုတ် တန်ပြန်ဒရုန်းစနစ်များ အတွက် မကြာသေးမီက ရရှိခဲ့သော အကြီးမားဆုံး ပို့ကုန်စာချုပ်များထဲမှ တစ်ခုဖြစ်ပြီး ပြီးခဲ့သည့်လက ကာတာနိုင်ငံတွင် ပထမဆုံးအကြိမ် တပ်ဖြန့်အသုံးပြုခဲ့ပြီးနောက် ယခုကဲ့သို့ အီဂျစ်သို့ ထပ်မံရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်ကို ခေတ်သစ်စစ်မြေပြင်များတွင် အသုံးများလာသည်မှာ ကုန်ကျစရိတ်သက်သာသော ဒရုန်းများ၊ ကင်းထောက်ဒရုန်းများနှင့် တိုက်ခိုက်ရေးဒရုန်းများကို နှိမ်နင်းရန် အထူးရည်ရွယ်ထုတ်လုပ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

နည်းပညာအရ TOLGA တာတိုပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်တွင် ကွပ်ကဲမှုစနစ်၊ ရေဒါ၊ အာရုံခံကိရိယာများ၊ အီလက်ထရွန်နစ်လှိုင်း နှောင့်ယှက်မှုကိရိယာများနှင့် လက်နက်စနစ်များကို ပေါင်းစပ်ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဝေဟင်ပစ်မှတ်များကို အီလက်ထရွန်နစ် နည်းလမ်းဖြင့်လည်းကောင်း၊ လက်နက်ဖြင့် ပစ်ခတ်သည့်နည်းလမ်းဖြင့်လည်း ကောင်း ထိရောက်စွာ ချေမှုန်းနိုင်စွမ်းရှိကြောင်း သိရသည်။

TOLGA တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ရန်သူ့ဒရုန်းများကို နည်းလမ်းနှစ်သွယ်ဖြင့် တန်ပြန်ချေမှုန်းနိုင်သည်။ ပထမနည်းလမ်းမှာ Soft-Kill စစ်ဆင်ရေးဖြစ်ပြီး ရန်သူ့ဒရုန်းများ၏ လမ်းညွှန်လှိုင်းများကို အီလက်ထရွန်နစ်နည်းဖြင့် ဖိဖျက်နှောင့်ယှက်ကာ ၁၀ ကီလိုမီတာ အကွာအဝေးထိ ဟန့်တားပိတ်ဆို့နိုင်သည်။ ဒုတိယနည်းလမ်းမှာ Hard-Kill စစ်ဆင်ရေးဖြစ်ပြီး ၁၂ ဒသမ ၇ မီလီမီတာ၊ မီလီမီတာ ၂၀ နှင့် ၃၅ မီလီမီတာအမြောက်စနစ်များဖြင့် ဒရုန်းများကို တိုက်ရိုက်ပစ်ခတ်ဖျက်ဆီးခြင်းဖြစ်သည်။

အထူးသဖြင့် တန်ပြန်ဒရုန်းအတွက် သီးသန့်ထုတ်လုပ်ထားသော ခဲယမ်းများသည် ပစ်မှတ်အနီးတွင် ပေါက်ကွဲကာ အပိုင်းအစများဖြင့် ဖုံးလွှမ်းစေနိုင်သောကြောင့် သေးငယ်ပြီးလျင်မြန်သော ဒရုန်းများကို ဖျက်ဆီးရာတွင် အလွန်ထိရောက်မည်ဖြစ်သည်။ ၎င်းအမြောက်စနစ်များ အနက် ၃၅ မီလီမီတာ ကျည်များသည် မီတာ ၃၀၀၀ ထိ၊ မီလီမီတာ ၂၀ ကျည်များသည် မီတာ ၁၀၀၀ ထိနှင့် ၁၂ ဒသမ ၇ မီလီမီတာ ကျည်များသည် မီတာ ၃၀၀ အကွာအဝေးထိ ထိရောက်စွာ ပစ်ခတ်နိုင်ကြောင်း သိရသည်။

ဤတာတိုပစ် လက်နက်စနစ်ကို စစ်ဆင်ရေး လိုအပ်ချက်ပေါ်မူတည်၍ လူကိုယ်တိုင်ထိန်းချုပ်ခြင်း၊ တစ်စိတ်တစ်ပိုင်း ကိုယ်တိုင်လုပ်ဆောင်ခြင်းနှင့် အလိုအလျောက် အပြည့်အဝလုပ်ဆောင်ခြင်းဟူ၍ ပုံစံသုံးမျိုးဖြင့် အသုံးပြုနိုင်သည်။ ထို့ပြင် ပုံသေအခြေစိုက်စခန်းများ၊ စစ်ဘက်သုံးယာဉ်များနှင့် ရေတပ်သင်္ဘောများပေါ်တွင် ပေါင်းစပ်တပ်ဆင်နိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိသော ဒီဇိုင်း (Modular design) မှာ TOLGA တာတိုပစ် လေကြောင်းရန် ကာကွယ်ရေးစနစ်၏ ထူးခြားချက်ပင်ဖြစ်ကြောင်း သိရသည်။

**Egypt buys Turkish TOLGA counter-drone turret system ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချီလီနိုင်ငံ မြောက်ပိုင်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိငလျင်လှုပ်ခတ်ပြီး နောက်ထပ်ငလျင်များလှုပ်ခတ်နိုင်သဖြင့် သတိပေးချက်ထုတ်ပြန်ထား



**ဆန်တီယာဂို ဖေဖော်ဝါရီ ၉**

ချီလီနိုင်ငံ မြောက်ပိုင်းရှိ တာရာပါကာဒေသတွင် ဖေဖော်ဝါရီ ၈ ရက် နေ့လယ် ၁ နာရီ ၂၃ မိနစ်ခန့်တွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်တစ်ခုလှုပ်ခတ်ပြီး နောက်ထပ်ငလျင်များလှုပ်နိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ထားကြောင်း ချီလီအာဏာပိုင်များက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ငလျင်သည် တာရာပါကာဒေသ၏ မြောက်ပိုင်းမြေအောက် အနက် ၁၂၁ ကီလိုမီတာခန့်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါဒေသအနီးနေထိုင်သူများက တုန်ခါမှုကို သိသာစွာခံစားရကြောင်း၊ လူနေအိမ်များ၊ အခြေခံအဆောက်အအုံများနှင့် ခါတ်တိုင်တချို့ ပြိုလဲခဲ့ကြောင်း၊ ဒေသအာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံပျက်စီးမှု စာရင်းအတိအကျကို စစ်ဆေးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီအန္တရာယ် မရှိကြောင်း၊ သို့သော် နောက်ထပ်ငလျင်များ လှုပ်ခတ်နိုင်သဖြင့် ချီလီအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့များက သတိပေးချက်ထုတ်ပြန်ထားပြီး ကြံ့ခိုင်မှုမရှိသည့် အဆောက်အအုံများတွင် နေထိုင်ခြင်းမပြုရန် ဒေသခံများကို သတိပေးထားကြောင်း သိရသည်။

ချီလီနိုင်ငံသည် ပစိဖိတ်မီးကွင်း (Pacific Ring of Fire) ပေါ်တွင် တည်ရှိသည့်အတွက် ငလျင်များ မကြာခဏဖြစ်ပွားလေ့ရှိပြီး အာဏာပိုင်များကလည်း သဘာဝဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်မှုများကို အမြဲတမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အီရတ်နိုင်ငံ ကာဒီစတန်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**ဘဂ္ဂဒတ် ဖေဖော်ဝါရီ ၉**

အီရတ်နိုင်ငံ ကာဒီစတန်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ကာဒီစတန်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ရေကြီးရေလျှံမှုသည် ဒူဟော့ခ်ဒေသ အရှေ့ဘက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လမ်းတချို့ရေလွှမ်းကာ ယာယီပိတ်ထားရပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်နေကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အခြေခံအဆောက်အအုံတချို့နှင့် လူနေအိမ်များပျက်စီးခဲ့ကြောင်း၊ ပျက်စီးနေသော လမ်းမကြီးများကို အာဏာပိုင်အဖွဲ့အစည်းက စက်ယန္တရားကြီးများဖြင့် ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ကာဒီစတန်နယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ကာဒီစတန်နယ်မြေမှာ ဖြစ်ပွားနေတဲ့ ရေကြီးရေလျှံမှုနဲ့ ပတ်သက်ပြီးတော့ တာဝန်ရှိသူတွေ သွားရောက်စစ်ဆေးနေပါတယ်။ အခြေခံအဆောက်အအုံတွေနဲ့ လူနေအိမ်တွေ ပျက်စီးခဲ့ပါတယ်။ ပျက်စီးမှုတွေကို အမြန်ဆုံး ပြင်ဆင်ပေးနိုင်ဖို့အတွက် လိုအပ်တာတွေ သွားရောက်စစ်ဆေးနေပါတယ်။ အစီရင်ခံစာတက်လာတာနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အီရတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မလေးရှားနိုင်ငံမြောက်ဘက်ပိုင်းတွင် ဧပြီလထိ အပူလှိုင်းဖြတ်သန်းမည်ဖြစ်ကြောင်း သတိပေးချက်ထုတ်ပြန်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၉**

မလေးရှားနိုင်ငံ မြောက်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းနေပြီး ဧပြီလထိ ကြာမြင့်မည်ဖြစ်ကြောင်း Institute of Ocean and Earth Sciences (IOES) မှ သုတေသီများက သတိပေးချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ဧပြီလထိ အပူချိန် တောက်လျှောက်မြင့်တက်မည်ဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းမည် ဖြစ်သော်လည်း လက်ရှိတွင် လာနီညာရာသီဥတု ဖြစ်ပေါ်နေဆဲ ကာလတစ်ခုဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှု အစပျိုးသည့် ကာလသာဖြစ်ကြောင်း Institute of Ocean and Earth Sciences (IOES)မှ ပြောရေးဆိုခွင့်ရှိသူ အဇီဇန်က ပြောကြားသွားခဲ့သည်။

"မလေးရှားနိုင်ငံ မြောက်ဘက်ပိုင်းမှာ အပူလှိုင်းဖြတ်သန်းမှုတွေ ဖြစ်ပေါ်နေပြီဖြစ်ပါတယ်။ လောလောဆယ်တော့ လာနီညာရာသီဥတု ဖြစ်ပေါ်နေဆဲဖြစ်ပါတယ်။ အပူလှိုင်းဖြတ်သန်းမှုဟာ ဧပြီလထိ ကြာမြင့်သွားနိုင်တဲ့အတွက်ကြောင့် အပူချိန်မြင့်တက်မှုကလည်း စံချိန်တင်ဖြစ်သွားနိုင်တယ်။ အပူလှိုင်းဖြတ်သန်းမှု ကာလရှည်ကြာနိုင်တာကြောင့် အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်တဲ့ ကျန်းမာရေးလုံခြုံမှုအတွက် ကြိုတင် ပြင်ဆင်သွားသင့်ပါတယ်။ အပူလှိုင်း ဖြတ်သန်းနေစဉ်ကာလအတွင်းမှာလည်း တောမီးလောင်ကျွမ်းမှုတွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။ အပူလှိုင်းဖြတ်သန်းနေတဲ့ကာလအတွင်း မီးမပေါ့ဆဖို့အတွက် တိုက်တွန်းနှိုးဆော်မှုတွေကိုလည်း အဆက်မပြတ်ပြုလုပ်သွားသင့်ပါတယ်" ဟု Institute of Ocean and Earth Sciences (IOES)မှ သုတေသီတစ်ဦးဖြစ်သူ ပရော်ဖက်ဆာအဇီဇန်က ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံတွင် ပန်ဟာတိုင်ဖွန်း မုန်တိုင်းကြောင့် လူ ၁၂ ဦးသေဆုံးပြီး လူဦးရေ အမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**မနီလာ ဖေဖော်ဝါရီ ၉**

ဖိလစ်ပိုင်နိုင်ငံတွင် ပန်ဟာတိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူ ၁၂ ဦးသေဆုံးပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြား ရှိနေကြောင်း National Disaster Risk Reduction and Management Council က ထုတ်ပြန်သွားခဲ့သည်ဟု ဖေဖော်ဝါရီ ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပန်ဟာတိုင်ဖွန်းမုန်တိုင်း အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ပြည်သူ ၄၅၅၀၀၀ ကျော်ထိ ရှိခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရာချထားပေးရေးအတွက် ကယ်ဆယ်ရေးစင်တာ ၄၈၀ ထိ ဖွင့်လှစ်ပေးထားကြောင်း၊ မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေကြောင်း သိရသည်။

"ပန်ဟာတိုင်ဖွန်းမုန်တိုင်းဟာ ဆာရီဂါအိုဒယ်ဆာ စီရင်စုကို ဗဟိုပြု တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းနဲ့အတူ မိုးသည်းထန်စွာရွာသွန်းခဲ့သလို ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ သေဆုံးသူ ၁၂ ဦးရှိခဲ့ပြီးတော့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ မိသားစု ၁၆၅၂၈ စုထိရှိနေပါတယ်"ဟု National Disaster Risk Reduction and Management Council မှ ပြောရေးဆိုခွင့်ရှိသူ ကာစတယ်လိုက ပြောကြားသွားခဲ့သည်။

ပန်ဟာတိုင်ဖွန်းမုန်တိုင်းသည် မင်ဒါနာအိုကျွန်းရှိ ဆာရီဂါအိုဒယ်ဆာစီရင်စုကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းကြောင့် မိုးရွာသွန်းမှု ဖြစ်ပေါ်နေသည့် ဒေသများမှာ မီမာရိုပါဒေသ၊ မင်ဒိုရိုကျွန်း၊ နီဂရော့စ်ကျွန်း၊ ဗီဆာယက်စ် အနောက်ဘက်ပိုင်းနှင့် လူဇွန်ကျွန်းတို့ ဖြစ်ကြောင်း၊ ပန်ဟာတိုင်ဖွန်း မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်ပေါင်း ၃၂ ခုကို ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆီးရီးယားနိုင်ငံ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လူရှစ်ဦးသေဆုံး

**ဒမတ်စကတ်စ် ဖေဖော်ဝါရီ ၉**

ဆီးရီးယားနိုင်ငံ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူရှစ်ဦး သေဆုံးခဲ့ကြောင်း ဆီးရီးယားအရေးပေါ်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆီးရီးယားနိုင်ငံ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လူနေအိမ်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးဒဏ်ရာရမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ Latakia၊ Idlibနှင့် Hama ပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိသားစု ၃၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် Latakia ပြည်နယ်ရှိ Turkman တောင်တန်းဒေသမှ ကလေးနှစ်ဦး၊ ဆီးရီးယားနိုင်ငံလခြမ်းနီအဖွဲ့မှ စေတနာ့ဝန်ထမ်းတစ်ဦးနှင့် တခြားစေတနာ့ဝန်ထမ်းငါးဦးအပါအဝင် လူရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယနေ့တွင် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများအဖြစ် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းများပြန်လည်ဖွင့်လှစ်ခြင်းနှင့် ယာယီခိုလှုံရာနေရာများ တည်ဆောက်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး Idlib အနောက်ပိုင်းရှိကျောင်းများတွင် ရေဘေးဒုက္ခသည် မိသားစုများအတွက် ယာယီခိုလှုံရာ နေရာရှစ်ခုကို ဖွင့်လှစ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

**ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှု

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ စတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း သုံးပိုင်းခွဲ၍ ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျလာရောက်၍ မဲရုံများတွင် ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ **မဲပေးရာတွင် စနစ်တကျဖြင့်တန်းစီ၍ မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်**ကြောင်း၊ အချို့နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်သူများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်မှုမရှိကြကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံတကာရွေးကောက်ပွဲများကို လေ့လာကြည့်ရာတွင် ထုတ်ပြန်ထားသည့်စာရင်းများအရ ၂၀၂၅ ခုနှစ်နှင့် အနီးဆုံးကာလများတွင် အထွေထွေရွေးကောက်ပွဲများကို ၁၉၉ နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း ၅၀ ၌ မဲပေးမှုရာခိုင်နှုန်း ၅၄ ရာခိုင်နှုန်းထက်နည်းပါးကြသည်ကိုတွေ့ရကြောင်း၊ ထိုအထဲတွင် ပြင်သစ်နိုင်ငံ၊ အယ်လ်ဂျီးရီးယား၊ ဘူလ်ဂေးရီးယား၊ အီဂျစ်၊ ခရိုအေးရှား၊ ဂျမေကာ၊ ဂျပန် စသည့်နိုင်ငံများပါဝင်ကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကားပြီး နိုင်ငံများပင်ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယခုရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟု ပြောနိုင်ကြောင်း။

ဆန္ဒမဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM)စက်များဖြင့် ဆန္ဒမဲများပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ MEVM စက်များကို ရွေးကောက်ပွဲမကျင်းပမီစတင်၍ ကြိုတင်ပြင်ဆင်ချိန်ကတည်းက အကြိမ်ကြိမ်စမ်းသပ်စစ်ဆေးပြီးမှသာ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းကိုလည်းဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ မှားယွင်းမှုများမရှိစေရေး အကြိမ်ကြိမ်အထပ်ထပ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှုမရှိသူများရှိခဲ့သော်လည်း မဲစာရင်းမှားယွင်းမှုမရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ကြောင်း။

မြန်မာအီလက်ထရောနစ် မဲပေးစနစ် (MEVM)စက်များဖြင့် ဆန္ဒမဲများပေးရာတွင်လည်း မဲရုံတစ်ခုချင်းစီအလိုက် MEVM စက်တစ်ခုချင်းအလိုက် သီးသန့်သာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ချိတ်ဆက်မှုများမှဆောင်ရွက်ထားမှုမရှိခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံတော်ကိုတာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံတော်အနေဖြင့် ငွေကြေးကုန်ကျမှုများ များစွာရှိသော်လည်း ရွေးကောက်ပွဲကို အပိုင်းအလိုက်ခွဲ၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သဖြင့် ငွေကြေးကုန်ကျမှုကို သက်သာစေခဲ့သကဲ့သို့ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

> **မဲပေးရာတွင် စနစ်တကျဖြင့်တန်းစီ၍ မဲပေးခဲ့ကြခြင်းကိုတွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရ ဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ် . . .**
>
> **ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ် . . .**
>
> **မိမိတို့အနေဖြင့် PR စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပါတီစုံစနစ်(Multi Party စနစ်)ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ် . . .**

ကြိုတင်မဲပေးမှုနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် မဲမသမာမှုများ လုံးဝမဖြစ်ပေါ်စေရေး စနစ်တကျကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲပေးချိန်တွင် ပျက်ကွက်နိုင်သူများကို စနစ်တကျဖြင့် မှတ်တမ်းတင်၍ ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပါဝင်မဲပေးခဲ့ကြသည့် ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ **ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်**ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် ရွေးကောက်ပွဲကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်မှုများကို စနစ်တကျပြုလုပ်ခဲ့ပြီး လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက်ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများကို စနစ်တကျဖြင့်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ယခုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုသာမက မိမိတို့အစိုးရလက်ထက် ယခင်ရွေးကောက်ပွဲကော်မရှင်ကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံရေးပါတီများ ပါဝင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရေး PR စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအားလုံးနှင့် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လွှတ်တော်တွင် ပါဝင်ပြီး မိမိတို့၏ဒေသအကျိုးနှင့် ၎င်းတို့၏ဆန္ဒများကို ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ယခုရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များနှင့် ပါတီငယ်များမှ ကိုယ်စားလှယ်များ ပိုမိုပါဝင်လာသည်ကိုတွေ့ရကြောင်း။

## နောင်လာမည့်လွှတ်တော်တွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး

ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ခြောက်ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် တစ်ဦး ရွေးကောက်ခံခဲ့ရကြောင်း၊ မဲစာရင်းရလဒ်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ၁၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြည်သူ့ပါတီ ၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် ၇ ဒသမ ၆၅ ရာခိုင်နှုန်း၊ ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေဖြင့် ၆ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ အလားတူ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်အနိုင်ရရှိခဲ့ကြသည်ကို တွေ့ရကြောင်း၊ **မိမိတို့အနေဖြင့် PR စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပါတီစုံစနစ်(Multi Party စနစ်)ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုရရှိသည့် မဲရလဒ်များကိုကြည့်ခြင်းအားဖြင့် ပါတီဝင်အင်အားကိုခန့်မှန်း၍ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူနှင့်ကင်းကွာ၍မရကြောင်း၊ ပြည်သူများနှင့် ထိတွေ့မှုများပြားသည့်ပါတီများ၊ ပါတီဝင်စည်းရုံးရေးကို ဆောင်ရွက်နိုင်ခဲ့သည့်ပါတီများအနေဖြင့် ပြည်သူများ၏ ထောက်ခံမှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်မတိုင်မီကတည်းက စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်၍ဆောင်ရွက်ရမည်ကို သင်ခန်းစာဖော်ထုတ်နိုင်ကြောင်း၊ ပါတီ၏ မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်သူများ သိရှိစေရေးဆောင်ရွက်ပြီး စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ နောင်တစ်ချိန်ပြုလုပ်သွားမည့်ရွေးကောက်ပွဲများတွင် ယခုထက်ပိုမိုကောင်းမွန်သည့် ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုရရှိလာသည့် ရွေးကောက်ပွဲရလဒ်များကိုလည်း ပါတီများအနေဖြင့် သံသယရှိပါက ရွေးကောက်ပွဲကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ကြောင်း။

## လွှတ်တော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လို

ယခုအခါရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်အဆောက်အအုံများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

## နောင်တက်လာမည့်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများကို ချောမွေ့စွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေး

မိမိတို့လက်ရှိအစိုးရ၏ လုပ်ဆောင်ချက်မှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုဆောင်ရွက်ထားကြရန်လိုကြောင်း၊ **“နှုတ်တစ်ရာ စာတစ်လုံး”**ဆိုသည့်အတိုင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအလိုက် အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် စနစ်တကျမှတ်တမ်းတင်ပြုစုထားရှိရန်လိုကြောင်း၊ နောင်တက်လာမည့် အစိုးရအဖွဲ့အနေဖြင့် အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်တာဝန်များကို ချောချောမွေ့မွေ့ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

## ရရှိသည့်အချိန်အတွင်း နိုင်ငံ့စီးပွားရေး တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်စေလို

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိနေသည့်အချိန်အတွင်း နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ရသမျှအချိန်အတွင်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကိုအခြေခံ၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုပြီး သီးထပ်စိုက်ပျိုးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရေးတွန်းအားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် စတင်တာဝန်ယူချိန်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ထိုက်သင့်သလောက်သာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို ကုန်ကြမ်းများအဖြစ် ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်းဆီထုတ်လုပ်မှုကိုအထောက်အကူပြုစေမည့် ဆီထွက်သီးနှံကို စိုက်ပျိုးထုတ်လုပ်စေလိုကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နိုင်ငံ၏ဝင်ငွေများ နှစ်စဉ်လျော့နည်းလျက်ရှိသဖြင့် ဝင်ငွေများပိုမိုတိုးတက်လာစေရေး တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်ပဝင်ငွေများပိုမိုရရှိလာပြီး ပြည်တွင်းစီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နောင်တက်လာမည့် အစိုးရအတွက် အထောက်အကူပြုစေရေးကြိုးပမ်းဆောင်ရွက်ပေးခဲ့ရမည်ဖြစ်ကြောင်း။

## ပြည်သူများအတွက် သန့်ရှင်းသာယာလှပသည့်ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရန်လို

**“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”**ဆိုသည့် မိမိတို့ချမှတ်ထားသည့်ဆောင်ပုဒ်အတိုင်း ပြည်သူများအနေဖြင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းတွင်နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများစိုက်ပျိုးထိန်းသိမ်းခြင်းများဆောင်ရွက်သွားရန်လိုသကဲ့သို့ မြို့ရွာများသန့်ရှင်းသာယာလှပ စိမ်းလန်းသာယာရေးအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွား

ကြစေလိုကြောင်း၊ ထိုသို့ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ Mind Set များကောင်းမွန်လာမည်ဖြစ်ပြီး အေးချမ်းသာယာမှုကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

**နိုင်ငံတော်၏ အနာဂတ်တိုးတက်ရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးလိုအပ်**

မကြာမီကာလအတွင်း ကျောင်းသား၊ ကျောင်းသူကလေးငယ်များ အနေဖြင့် နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါနွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာဖြင့်အသုံးချ၍ ၎င်းတို့၏ဘဝအတွက် အထောက်အကူပြုစေမည့် နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရန်လိုကြောင်း၊ ရပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် စနစ်တကျအနားယူဆောင်ရွက်ခြင်းဖြင့် နောင်လာမည့်ပညာသင်နှစ်တွင် ယခုထက်ပိုမို၍ ကြိုးစားအားထုတ်ချင်သည့် စိတ်များရှိလာအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေခြင်းသည် နိုင်ငံတော်၏အနာဂတ်တိုးတက်ရေးအတွက် များစွာအရေးကြီး**ကြောင်း၊ **ကျောင်းသား၊ ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေး တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်း**ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဘဝအတွက်၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ပညာရေးစနစ်ကိုဖော်ဆောင်နိုင်ရန်လိုကြောင်း၊ လူငယ်များအနေဖြင့် ၎င်းတို့ခြေထောက်ပေါ်တွင် ကိုယ်တိုင်ရပ်တည်နိုင်သည့် ပညာရပ်များ တတ်မြောက်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများမဖွင့်လှစ်နိုင်သည့် ဒေသများတွင် လာမည့်ပညာသင်နှစ်အတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ဒေသအလိုက်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်**

ဒေသအလိုက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်နေထိုင်သည့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူများ၏အားဖြင့် ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုမရှိသည့် ဒေသများတွင် လက်နက်ကိုင်၍ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ ကိုယ်ကျိုးအတ္တအတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းများ၊ ဒေသအလိုက်ထွက်ရှိသည့် သယံဇာတပစ္စည်းများကို တရားမဝင်ထုတ်ယူခြင်းများဖြင့် အခမ့ ကိုယ်ကျိုးစီးပွားရှာခြင်းများကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း။

အဆိုပါ အကြမ်းဖက်သမားများကြောင့် ဒေသမတည်ငြိမ်မှုများဖြစ်ပေါ်ပြီး အခြေခံပညာကျောင်းများ ပိတ်ထားရခြင်းကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ၏ အခွင့်အရေးများ များစွာဆုံးရှုံးလျက်ရှိကြောင်း၊ **ပြည်သူလူထုတည်ငြိမ်အေးချမ်းမှုကို အပြည့်အဝခံစားနိုင်ရေး တပ်မတော်၏ အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အား၊ ပြည်သူလူထု၏အင်အားများစုစည်း၍ အကြမ်းဖက်သမားများကို နှိမ်နင်းရမည်ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အုပ်ချုပ်မှုနည်းလမ်း၊ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နောင်တက်လာမည့် အစိုးရအတွက် အထောက်အကူပြုစေမည့် လုပ်ငန်းများ အားလုံးကို ဆောင်ရွက်ပေးသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

## ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေခြင်းသည် နိုင်ငံတော်၏အနာဂတ်တိုးတက်ရေးအတွက် များစွာအရေးကြီး၊ ကျောင်းသား၊ ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေး တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လို . . .

## ပြည်သူလူထုတည်ငြိမ်အေးချမ်းမှုကို အပြည့်အဝခံစားနိုင်ရေး တပ်မတော်၏အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အင်အား၊ ပြည်သူလူထု၏အင်အားများစုစည်း၍ အကြမ်းဖက်သမားများကို နှိမ်နင်းရမည်ဖြစ် . . .

## ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များကို တက်ကြွစွာဖြင့် အပြိုင်အဆိုင်လာရောက်ပါဝင်ပြသကြသည်ကို ဝမ်းမြောက်အားတက်ဖွယ်တွေ့မြင်ရ . . .

## လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုကောင်းမွန်သည့်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်လိုပြီး ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များရရှိလာရန်လို . . .

**ရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွှေကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုရွှေကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်မည့်မြို့နယ်များနှင့် မကျင်းပနိုင်မည့်မြို့နယ်များသတ်မှတ်၍ မဲစာရင်းများ အဆင့်ဆင့်ပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲကို အပိုင်းလိုက် အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် မဲစာရင်းရလဒ်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၏စာရင်းအား ကြေညာပေးခဲ့မှုအခြေအနေများ၊ အပိုင်းလိုက်ကျင်းပဆောင်ရွက်ခဲ့ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အပိုင်းလိုက်သတ်မှတ်နေရာများအလိုက် အချိန်မီရွှေ့ပြောင်းနိုင်ရေး၊ စနစ်တကျ ပြန်လည်တပ်ဆင်အသုံးပြုနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ **ရွေးကောက်ပွဲကို သမာသမတ်ရှိရှိစနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှကန့်ကွက်ခဲ့မှုမရှိမှု** အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိဂုံးချုပ်အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများနှင့်ပတ်သက်၍ **၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များကို တက်ကြွစွာဖြင့် အပြိုင်အဆိုင်လာရောက်ပါဝင်ပြသကြသည်ကို ဝမ်းမြောက်အားတက်ဖွယ်တွေ့မြင်ရ**ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများသည် အဓိကကျသည့်အခန်းကဏ္ဍ၌ ပါဝင်နေပြီး များစွာတိုးတက်မှုရှိသည်ကိုလည်း တွေ့မြင်ရကြောင်း၊ လာရောက်ကြည့်ရှုလေ့လာသူများအနေဖြင့်လည်း စိတ်ပါဝင်စားစွာဖြင့် အများအပြားလာရောက်ကြည့်ရှုလေ့လာကြသည်ကို တွေ့မြင်ရကြောင်း၊ **လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုကောင်းမွန်သည့်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်လိုပြီး ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များရရှိလာရန်လို**ကြောင်း၊ **နည်းပညာအရသော်လည်းကောင်း၊ ထုတ်လုပ်မှုအရသော်လည်းကောင်း အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားလာစေရေး ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိမိတို့လက်ရှိထုတ်လုပ်နေသည့် အရည်အသွေးများ၊ အမျိုးအမည်များ၊ အရေအတွက်များထက် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်အောင် ထုတ်လုပ်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း **ဖြစ်ပေါ်လာစေမည်ဖြစ်**ကြောင်း၊ ယခုပြပွဲသည် မိမိတို့နိုင်ငံအတွက် တန်ဖိုးရှိသည့်ပြပွဲတစ်ခုဖြစ်ပြီး ပွဲတော်ကာလအတွင်းလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း၊ လေ့လာမှုများဆောင်ရွက်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့် သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

( ခ ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ -၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

( ဂ ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

**(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃၄ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၉ ရက်)

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှု အခြေအနေ ထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၃ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၉၉ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၂၉၇ နယ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် မဲရလဒ်များနှင့် ရာခိုင်နှုန်းများ၊ ပါတီအလိုက်ရရှိသည့် ကိုယ်စားလှယ်အရေအတွက်တို့ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများအလိုက် ပါဝင်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်၊ ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်အရေအတွက်၊ ခိုင်လုံမဲရရှိမှုအခြေအနေ၊ ခိုင်လုံမဲရရှိမှုရာခိုင်နှုန်းနှင့် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အရေအတွက်တို့အား ပူးတွဲပါဇယားအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ပူးတွဲ။** နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေဇယား ( ၂ ) ရွက်

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ

### ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေ

| စဉ် | နိုင်ငံရေးပါတီ/တစ်သီးပုဂ္ဂလ | ပါဝင်ယှဉ်ပြိုင်သည့်မဲဆန္ဒနယ် | ပါဝင်ယှဉ်ပြိုင်သည့်ကိုယ်စားလှယ် | ခိုင်လုံမဲရရှိမှုစုစုပေါင်း | ခိုင်လုံမဲရရှိမှုရာခိုင်နှုန်း | အနိုင်ရကိုယ်စားလှယ်အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇ | ၁၀၁၇ | ၅၈၀၄၀၂၅ | ၄၄.၁၉% | ၇၃၉ | |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၆ | ၆၈၉ | ၁၇၄၄၉၄၃ | ၁၃.၂၈% | ၆၈ | |
| ၃ | ပြည်သူ့ပါတီ | ၃၆၃ | ၄၉၈ | ၁၁၅၅၈၁၇ | ၈.၈၀% | ၃၀ | |
| ၄ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၆ | ၆၆၁ | ၁၀၀၀၈၁၅ | ၇.၆၂% | ၂၀ | |
| ၅ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၃၈၆ | ၅၇၅ | ၈၀၂၄၁၄ | ၆.၁၁% | ၃၉ | |
| ၆ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၂ | ၄၂၁ | ၆၉၁၆၂၈ | ၅.၂၇% | ၆ | |
| ၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၂၉ | ၅၀ | ၃၃၁၃၃၁ | ၂.၅၂% | ၁၈ | |
| ၈ | မွန်ညီညွတ်ရေးပါတီ | ၂၄ | ၃၈ | ၁၄၅၇၈၆ | ၁.၁၁% | ၁၇ | |
| ၉ | ကရင်ပြည်သူ့ပါတီ | ၂၀ | ၂၉ | ၁၂၄၈၀၅ | ၀.၉၅% | ၃ | |
| ၁၀ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၇ | ၂၄ | ၁၀၀၈၈၃ | ၀.၇၇% | ၂ | |
| ၁၁ | ခနော်တိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၄ | ၂၆ | ၈၁၄၆၅ | ၀.၆၂% | ၅ | |
| ၁၂ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၅၁ | ၇၄ | ၇၄၁၄၂ | ၀.၅၆% | ၃ | |
| ၁၃ | လေဘာပါတီ | ၅ | ၆ | ၅၆၇၁၆ | ၀.၄၃% | | |
| ၁၄ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၀ | ၄၄ | ၄၈၉၂၆ | ၀.၃၇% | ၂ | |
| ၁၅ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၅ | ၂၆ | ၄၈၇၀၂ | ၀.၃၇% | ၇ | |
| ၁၆ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇ | ၁၀ | ၄၄၀၃၇ | ၀.၃၄% | ၄ | |
| ၁၇ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၃ | ၃၄ | ၃၃၇၇၂ | ၀.၂၆% | ၂ | |
| ၁၈ | နာဂအမျိုးသားပါတီ | ၁၁ | ၂၀ | ၃၂၃၈၆ | ၀.၂၅% | ၁၂ | |
| ၁၉ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇ | ၂၈ | ၂၉၃၇၅ | ၀.၂၂% | ၄ | |
| ၂၀ | ခေတ်သစ်ပြည်သူ့ပါတီ | ၄ | ၄ | ၂၆၁၂၁ | ၀.၂၀% | | |
| ၂၁ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈ | ၃၁ | ၂၅၄၅၇ | ၀.၁၉% | | |
| ၂၂ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၄ | ၁၆ | ၂၅၂၄၉ | ၀.၁၉% | | |
| ၂၃ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၁၄ | ၂၀ | ၂၅၀၉၈ | ၀.၁၉% | | |
| ၂၄ | ဒီမိုကရက်တစ်ပါတီ | ၉ | ၁၁ | ၂၅၀၀၂ | ၀.၁၉% | | |
| ၂၅ | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၆ | ၆ | ၂၃၁၁၄ | ၀.၁၈% | | |
| ၂၆ | ရခိုင့်ဦးဆောင်ပါတီ | ၁၃ | ၃၂ | ၂၂၅၆၇ | ၀.၁၇% | ၈ | |
| ၂၇ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၂၅ | ၂၁၇၆၅ | ၀.၁၇% | ၃ | |
| ၂၈ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၈ | ၁၂ | ၂၀၄၂၉ | ၀.၁၆% | | |
| ၂၉ | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၂ | ၂၇ | ၁၉၉၅၅ | ၀.၁၅% | | |
| ၃၀ | မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ | ၃ | ၃ | ၁၉၈၁၈ | ၀.၁၅% | | |
| ၃၁ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၄ | ၂၉ | ၁၉၅၆၄ | ၀.၁၅% | ၅ | |
| ၃၂ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၄ | ၂၅ | ၁၈၉၀၁ | ၀.၁၄% | ၆ | |
| ၃၃ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၄ | ၄ | ၁၇၃၆၈ | ၀.၁၃% | | |
| ၃၄ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၇ | ၉ | ၁၆၇၆၇ | ၀.၁၃% | | |
| ၃၅ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄ | ၁၉ | ၁၄၁၇၃ | ၀.၁၁% | | |
| ၃၆ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉ | ၁၆ | ၁၃၉၇၃ | ၀.၁၁% | ၁ | |
| ၃၇ | အမျိုးသားဒီမိုကရေစီပါတီသစ် | ၂ | ၂ | ၁၂၇၂၅ | ၀.၁၀% | | |
| ၃၈ | ပြည်သူ့အလုပ်သမားပါတီ | ၃ | ၃ | ၁၁၉၈၈ | ၀.၀၉% | | |
| ၃၉ | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၈ | ၂၂ | ၁၀၉၆၀ | ၀.၀၈% | ၃ | |
| ၄၀ | မွန်တိုးတက်ရေးပါတီ | ၃ | ၃ | ၉၂၂၅ | ၀.၀၇% | | |
| ၄၁ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၆ | ၉ | ၉၀၈၇ | ၀.၀၇% | | |
| ၄၂ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၁၇ | ၂၉ | ၈၄၆၀ | ၀.၀၆% | ၂ | |
| ၄၃ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၅ | ၂၆ | ၈၀၇၆ | ၀.၀၆% | ၃ | |
| ၄၄ | လူထုပါတီ | ၃ | ၃ | ၇၂၇၈ | ၀.၀၆% | | |
| ၄၅ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) | ၁၅ | ၁၉ | ၆၇၈၆ | ၀.၀၅% | ၂ | |
| ၄၆ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂ | ၂ | ၆၃၆၂ | ၀.၀၅% | | |
| ၄၇ | 'ဝ'အမျိုးသားပါတီ | ၄ | ၈ | ၆၃၀၃ | ၀.၀၅% | ၁ | |
| ၄၈ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈ | ၁၁ | ၆၂၁၀ | ၀.၀၅% | ၁ | |
| ၄၉ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | ၁ | ၁ | ၅၆၉၆ | ၀.၀၄% | | |
| ၅၀ | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၁၁ | ၁၄ | ၅၄၂၇ | ၀.၀၄% | | |
| ၅၁ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၅ | ၈ | ၃၁၈၆ | ၀.၀၂% | | |
| ၅၂ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၁ | ၂၂၈၉ | ၀.၀၂% | | |
| ၅၃ | ဇိုမီးအမျိုးသားပါတီ | ၅ | ၁၇ | ၁၆၃၃ | ၀.၀၁% | ၇ | |
| ၅၄ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၁ | ၁ | ၁၂၆၈ | ၀.၀၁% | | |
| ၅၅ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၇ | ၂၀ | ၁၂၀၆ | ၀.၀၁% | ၁ | |
| ၅၆ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၃ | ၄ | ၅၅၅ | ၀.၀၀၄% | | |
| ၅၇ | ခူမီးအမျိုးသားပါတီ | ၁ | ၁ | ၂၃၁ | ၀.၀၀၂% | | |
| ၅၈ | တစ်သီးပုဂ္ဂလ | ၈၆ | ၉၁ | ၃၀၃၀၈၅ | ၂.၃၁% | ၁ | |
| | စုစုပေါင်း | | ၄၈၅၄ | ၁၃၁၃၅၃၂၅ | ၁၀၀% | ၁၀၂၅ | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား Naypyitaw State Academy တွင် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများထောက်ပံ့နိုင်ရေး နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား Naypyitaw State Academy တွင် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ထောက်ပံ့နိုင်ရေး နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Naypyitaw State Academy အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur နှင့် အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက နားလည်မှုစာချွန်လွှာ (MoU)၏ ရည်ရွယ်ချက်ကို ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာမှုရှိလာစေရန် ရည်ရွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများအတွက် လိုအပ်မည့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နားလည်မှုစာချွန်လွှာ (MoU)ကို ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ Naypyitaw State Academy အတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်သည့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မိတ်ဖက်ဆက်ဆံရေး၏အဓိပ္ပာယ်ပြည့်ဝသော ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ စီမံကိန်းကို ထိရောက်စွာနှင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နားလည်မှုစာချွန်လွှာ(MoU)မှတစ်ဆင့် ရူပဗေဒနှင့် ဓာတုဗေဒဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သုတေသနသုံးသိပ္ပံပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးကိရိယာများနှင့် အထောက်အကူပြု Software များအပါအဝင် ခေတ်မီပစ္စည်းကိရိယာများကို ပေးအပ်သွားမည်ဖြစ်သဖြင့် Naypyitaw State Academy ၏ သင်ကြားသင်ယူမှုနှင့် သုတေသနဆောင်ရွက်မှုများတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ နားလည်မှုစာချွန်လွှာကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် အိန္ဒိယအစိုးရနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သူအားလုံးကို ပညာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က အမှတ်တရလက်ဆောင်ပေးအပ်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကို အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၃၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



၂၀၂၅-၂၀၂၆ တက္ကသိုလ်ပညာသင်နှစ်တက္ကသိုလ်များ(မော်လမြိုင်)တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

တန်းမြင့်စစ်ပညာ သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီ နယ်မြေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင်လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံအရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ်အခြေခံစစ်ပညာ သင်တန်း၊ ဒုတိယနှစ်အခြေခံစစ်ပညာ သင်တန်း၊ ပထမနှစ်တန်းမြင့်စစ်ပညာ သင်တန်းနှင့် ဒုတိယနှစ်တန်းမြင့်စစ်ပညာ သင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့်စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင် အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဒုတိယနေ့တွင် ဒေသခံပြည်သူ အများအပြား လာရောက်ကြည့်ရှုလေ့လာ









**နေပြည်တော် ဖေဖော်ဝါရီ ၉**

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ပြခန်းပေါင်း ၁၂၀ ကျော်နှင့် ပြင်ပကုမ္ပဏီ ၂၉ ခုတို့က ပါဝင်ပြသရောင်းချလျက်ရှိရာ ယနေ့ပြပွဲဒုတိယနေ့တွင် ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ဒေသခံပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာကြသည်။

"မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒေသအလိုက် ထုတ်ကုန်တွေ၊ တိုင်းရင်းသားရိုးရာအစားအစာတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ထိ သွားစရာမလိုဘဲ တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာပြီး ဝယ်ယူလို့ရတယ်။ ဒါကြောင့် အရင်နှစ်တွေကတည်းကလာဖြစ်တယ်။ အဓိကကတော့ ပစ္စည်းအရည်အသွေးကောင်းတယ်၊ ဈေးနှုန်းလဲ အများကြီးသက်သာတယ်။ ဆေးဝါးတွေလဲ ပြသရောင်းချတဲ့အတွက် အခုအိမ်သုံးဆေးဝါးတွေ ဝယ်ယူဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ထုတ်ကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် မရောက်သေးတဲ့သူတွေ လာရောက်လေ့လာကြည့်ရှုကြဖို့ အကြံပြုပါတယ်" ဟု ပျဉ်းမနားမြို့မှ မစန္ဒာက ပြောသည်။

ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ လုပ်ငန်း၊ စီးပွား ချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများ ပါဝင်ပြသလျက်ရှိရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"ပြပွဲကို လာရောက်ကြည့်ရှုသူများတယ်။ ပြပွဲလာ ပြည်သူများတဲ့အတွက် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေလဲ ပိုပြီးအားတက်ရပါတယ်။ ကျွန်တော်တို့ ပြည်နယ်ပြခန်းမှာ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန် ၁၄၅ မျိုး၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန် ၃၆ မျိုး၊ OROP ထုတ်ကုန် ၃၀ အပြင် ပူတာအိုခရိုင်ဒေသထွက် ဂရိတ်ဖရု၊ မြစ်ကြီးနားခရိုင်ဒေသထွက် ကချင်ရိုးရာအထည်၊ တစ်သျှူးငှက်ပျော၊ ဗန်းမော်ခရိုင်ဒေသထွက် အစေ့ထုတ်ပြောင်း၊ မြေထောက်ပဲ၊ မိုးညှင်းခရိုင်ထွက် ပဲပုပ်၊ ခေါက်ဆွဲ၊ တနိုင်းခရိုင်ထွက် ဆီမုန်ညင်းနဲ့ ချီဖွေခရိုင်ထွက် သစ်ကြားသီးစတာတွေကို ခင်းကျင်းပြသထားတဲ့အပြင် ဒေသထွက်ကျောက်စိမ်းလက်ဝတ်ရတနာတွေ၊ ပယင်းရှူဆေး၊ ဖျန်းဆေးနဲ့ လိမ်းဆေး ဆီတွေကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိပါတယ်။ ပြည်တွင်းကုန်ကြမ်းများကို ၁၀၀ ရာခိုင်နှုန်း အသုံးပြုထားတဲ့ ပြည်နယ်ရဲ့ စားသောက်ကုန်လုပ်ငန်းတွေ၊ ကချင်ရိုးရာ ရက်ကန်းထည်တွေလဲပါပါတယ်" ဟု ကချင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ပြောသည်။

ထို့ပြင် အသေးစားစက်မှုလက်မှုထုတ်ကုန်ပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းများ ထုတ်ကုန်ပြခန်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ပြခန်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းပြခန်း၊ SUPREME WATER DOCTOR ပြခန်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများ ကွန်ရက်ပြခန်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ပြခန်းများတွင် သက်ဆိုင်ရာ ပြခန်းအလိုက် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို ဈေးနှုန်းသက်သာစွာ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"အသုံးပြုပြီးသား စွန့်ပစ်ပလတ်စတစ်တွေကို တစ်နိုင်ငံလုံးကနေ ဝယ်ယူပါတယ်။ နေရာစုံကနေရရှိလာတဲ့ စွန့်ပစ်ပလတ်စတစ်ကုန်ကြမ်းတွေကို ကျွန်တော်တို့ စက်ရုံကနေ ပြန်လည်သန့်စင် အမျိုးအစားခွဲခြားပြီး နည်းပညာကို အသုံးပြုပြီးတော့ အဆင့်ဆင့်ဆောင်ရွက်လိုက်တဲ့အခါ သန့်စင်တဲ့ ပလတ်စတစ်ကော်တောင့်တွေ ရရှိပါတယ်။ ဒီဟာကို အသုံးပြုပြီးတော့ စိုက်ပျိုးရေးသုံး တောင်သူတွေကို အကျိုးပြုတဲ့ ရေသွယ်ပိုက်၊ ရေဖျန်းပိုက် အပါအဝင် စိုက်ပျိုးရေးသုံးပိုက်နဲ့ ပိုက်ဆက်ပစ္စည်းတွေကို ထုတ်လုပ်ရောင်းချပါတယ်။ ကျွန်တော်တို့ ပစ္စည်းတွေကို တောင်သူတွေက သဘောကျပါတယ်။ ရောင်းအား ကောင်းပါတယ်"

"ကျွန်တော်တို့ ပစ္စည်းက ပြည်တွင်းက စွန့်ပစ်ပစ္စည်းကို အသုံးပြုထားတယ်၊ သွင်းကုန်အစားထိုးပစ္စည်းအဖြစ် ပြည်ပကနေ ကော်စေ့တင်သွင်းရတဲ့ နိုင်ငံခြားသုံးငွေသုံးစွဲမှု လျှော့ချနိုင်ဖို့ အထောက်အကူပေးပါတယ်။ ပြီးတော့ စွန့်ပစ်ပလတ်စတစ်ကို ပြန်ပြီး အသုံးပြုတာမို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုလဲ အထောက်အကူဖြစ်စေပါတယ်။ တောင်သူတွေ အသုံးပြုတဲ့အခါမှာလဲ အကျိုးကျေးဇူး အများကြီးရှိပါတယ်။ အဓိက ကတော့ စိုက်ပျိုးရေကို အလေအလွင့်မရှိဘဲ လိုအပ်သလောက် ထိထိရောက်ရောက် အသုံးပြုနိုင်အောင် အထောက်အကူပေးပါတယ်။ ဒါကြောင့် တောင်သူတွေကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ပြီးတော့ တောင်သူအကျိုးပြု စီမံကိန်းတွေ၊ လုပ်ငန်းတွေ၊ နည်းပညာတွေကို အထောက်အပံ့ပေးနေတဲ့ စိုက်ပျိုးရေးနဲ့ သက်ဆိုင်တဲ့၊ လယ်ယာကဏ္ဍနဲ့ သက်ဆိုင်တဲ့ အစိုးရဌာနတွေက တာဝန်ရှိသူတွေကိုလဲ လေ့လာဖို့ဖိတ်ခေါ်ချင်ပါတယ်"

"ကျွန်တော်တို့ကလဲ ဒီလိုပြပွဲကနေ ပိုပြီးကျယ်ပြန့်တဲ့ ဈေးကွက်ကိုရရှိဖို့ မျှော်မှန်းသလို တစ်ဖက်ကလဲ တောင်သူတွေ လက်ထဲကို ပြည်တွင်းလုပ်ငန်းရှင်တွေ ထုတ်လုပ်တဲ့ အရည်အသွေးမြင့်ပစ္စည်းတွေ ရောက်စေချင်တယ်။ ဒါကြောင့် ပြခန်းကို တောင်သူတွေနဲ့ တာဝန်ရှိသူတွေ၊ ပြည်သူတွေ အများကြီး လာရောက်လေ့လာစေချင်ပါတယ်" ဟု New Life Plastic (NLP) Co.,Ltd မှ ပြခန်းတာဝန်ခံက ပြောသည်။

ထို့အတူ ပြည်တွင်းလုပ်ငန်းရှင်များ၏ ရေမဲ့အီသနောဖြင့် ဇီဝလောင်စာဆီ ထုတ်လုပ်ခြင်းပြခန်း၊ OK Myanmar စက်မှုလုပ်ငန်းသုံး ရော်ဘာရိုလာနှင့် ရော်ဘာပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးပြခန်း၊ ရွှေဦးဝဋ္ဍတန်ဖိုးမြင့် ထုတ်ကုန်များပြခန်း အပါအဝင် မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးပြခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ထုတ်ကုန်ပြခန်း၊ ရိုးမအသေးစား စက်မှုလက်မှုထုတ်ကုန်ပြခန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ CMP ထုတ်ကုန်များပြခန်းတို့တွင် သက်ဆိုင်ရာ ပြခန်းအလိုက် ထုတ်ကုန်များကို အမျိုးအမည်စုံလင်စွာ ခင်းကျင်းပြသထားသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ ပြခန်းများအလိုက် စုံလင်စွာ ခင်းကျင်းပြသထားမှုများကို ပြည်သူများက စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုလျက်ရှိရာ ပြခန်းတာဝန်ရှိသူများက ပြသထားသည့် ထုတ်ကုန်များနှင့် သက်ဆိုင်သော အချက်အလက်များ၊ ဒေသထွက်ကုန်ကြမ်းများကို အခြေခံထားအသုံးပြုမှုများ၊ ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းဆိုင်များတွင် ဒေသအလိုက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာ ဝတ်စုံများကို ပြည်သူများအတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူအားပေးသူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး နိုင်ငံကျော်အနုပညာရှင်များ၏ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြူးမြူးကြွကြွ သီဆိုကပြဖျော်ဖြေမှုများတွင် ပြည်သူများက လိုက်ပါသီဆိုကခုန်ကြရင်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ပထမနေ့တွင် လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူဦးရေ ၈၂၀၀၀ ကျော်ရှိခဲ့ပြီး ယနေ့ပြပွဲ ဒုတိယနေ့သို့ ပြည်သူဦးရေ ၇၆၀၀၀ ကျော် လာရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **အောင်မင်းဟန်**

**❖ တိုက်ရိုက်ထုတ်လွှင့်မည်မှ**

အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများ ဖြစ်သော Readers' Channel၊ MNTV၊ Up to Date Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD၊ MWD VARIETY HD တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ ပဒ္မဝတီ၊ မန္တလေး၊ ရွှေ၊ ပုဂံ တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ထို့ပြင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ည ၇ နာရီခွဲမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း MRTV NRCနှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live )ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ပြီး MRTV HD မှ ည ၈ နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၉**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်တက္ကသိုလ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းခဲ့ကြောင်းသိရှိရပါသဖြင့် မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အဆိုပါ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခံရခြင်းသည် နိုင်ငံတော်မှ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်ဖြေရှင်း၍ ခေါင်းဆောင်မှုပေးနိုင်လျက်ရှိသည်ကို ထင်ဟပ်ဖော်ပြသော အမှတ်လက္ခဏာပင်ဖြစ်ကြောင်း ထူးကဲထင်ရှားစွာတွေ့မြင်ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုး၍ အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ပါစေရန် မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းက ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း

## ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ကတ်ဖိုးပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) ကိုင်ဆောင်ထားပြီး ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများ ပြည်ပနိုင်ငံသို့ရောက်ရှိသည့်အချိန် သက်ဆိုင်ရာနိုင်ငံ၏ဥပဒေပါ ခံစားခွင့်များရရှိနိုင်စေရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် OWIC ကတ် ပြုလုပ်ခွင့်ရရှိကြောင်း ကြေညာခြင်းခံရသည့် အလုပ်သမားများအနေဖြင့် ၁-၃-၂၀၂၆ ရက်မှစ၍ OWIC ကတ်ဖိုး ငွေကျပ် ၅၆၀၀ နှင့် ပျောက်ဆုံး၊ ပျက်စီးပါက ဒဏ်ကြေးအဖြစ် ငွေကျပ် ၂၂၄၀၀ ကို မြန်မာ့စီးပွားရေးဘဏ်ခွဲများကတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ငွေစာရင်းအမှတ် OA-013904 သို့ အလုပ်သမားကိုယ်တိုင် ငွေလွှဲလျှောက်လွှာဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

OWIC ကတ်ဖိုးငွေများကို OA-013904 သို့ ပေးသွင်းပြီးပါက ငွေပေးသွင်းခဲ့သည့် ငွေလွှဲလျှောက်လွှာ (မူရင်း)နှင့်အတူ မိတ္တူတစ်စောင်ကို ယူဆောင်၍ OWIC ပြုလုပ်ရမည့်နေ့ရက်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ) OWIC ထုတ်ပေးရေးစင်တာသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ငွေစာရင်းအမှတ် မှားယွင်းပေးသွင်းခြင်း၊ ငွေလွှဲလျှောက်လွှာ မမှန်ကန်ခြင်း၊ ငွေလွှဲလျှောက်လွှာ (မူရင်း) ပြသနိုင်မှု မရှိခြင်းတို့ ဖြစ်ပေါ်ပါက OWIC ကတ်ထုတ်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နားယောင်လို့ပဲစွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့ အစိုးရရဲ့ စေတနာထားဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ ဘဝအတွက် ဌာနပြန်ဝင်သင့်”** ခေါင်းစဉ်ဖြင့် ၁၁-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ခရီးသွားလာရေးမှာ အခုအချိန်ထိ အခက်အခဲများကြုံနေရဆဲဖြစ်နေ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအချိန်စာရင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူကျင်းပသော အကြိမ် ၄၀ မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်စာဖြေဌာနများတွင် အောက်ပါအချိန်ဇယားအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

| နေ့ရက် | ခွင့်ပြုချိန် | ဘာသာ |
|---|---|---|
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၃) ရက် (၁၈-၅-၂၀၂၆) တနင်္လာနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | ယဉ်ကျေးမှုကျင့်ဝတ် |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၄) ရက် (၁၉-၅-၂၀၂၆) အင်္ဂါနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | ဗုဒ္ဓဘာသာမြန်မာစာ |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၅-၂၀၂၆) ဗုဒ္ဓဟူးနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | အခြေခံအဘိဓမ္မာ |

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❒ **MSME ထုတ်ကုန်ပြပွဲမှ**

ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်ထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း၊ တင်ပို့မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ၊ လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ပြပွဲဒုတိယမြောက် နေ့ရက်ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၈၇ ဦး၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား ၁၁ ဆိုင်နှင့် တွေ့ဆုံသည့် လုပ်ငန်းရှင် ၄၁ ဦး၊ ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၃ ခုနှင့် တွေ့ဆုံသည့် လုပ်ငန်းရှင်ဦးရေ ၄၀၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ လုပ်ငန်းရှင် ၂၁ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများဖြင့် ပြန်လည်ပြသဆင်နွှဲမည့် တစ်နှစ်တစ်ခါ ကြုံခေါင့်ကြုံခဲ ၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်

မြန်မာ့ရုပ်ရှင်လောကရဲ့ အမြင့်ဆုံးဂုဏ်ဒြပ်ဖြစ်တဲ့ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ)ပေးပွဲကြီးကို ဖေဖော်ဝါရီ ၇ ရက်က အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ အကယ်ဒမီရွှေစင်ရုပ်တုဆုကြီးတွေကို ဘယ်ဇာတ်ကားတွေ၊ ဘယ်အနုပညာရှင်တွေက ဆွတ်ခူးသွားကြတယ်ဆိုတဲ့ ရင်ခုန်သံတွေ မပျောက်သေးခင်မှာပဲ ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ဝမ်းသာစရာ သတင်းကောင်းတစ်ခု ထပ်မံရောက်ရှိလို့ လာခဲ့ပါပြီ။

အဲဒါကတော့ မတ် ၈ ရက်မှာ ကျရောက်မယ့် နှစ် ၈၀ ပြည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရ ဇာတ်ကားကောင်းတွေကို တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်မယ့် “၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင် ရက်သတ္တပတ်ပွဲတော်” ကြီးကို ရန်ကုန်မြို့ရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးဖြစ်တဲ့ Star Cinema မှာ ပြန်လည်ကျင်းပတော့မယ့် သတင်းပဲဖြစ်ပါတယ်။

စာဖတ်သူတို့ မှတ်မိကြအုံးမယ်ထင်ပါတယ်။ ယမန်နှစ်ကလဲ ၂၀၂၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားတွေကို စုစည်းပြီး အလားတူ ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်ကို Star Cinema မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ဖူးပါတယ်။ အဲ့ဒီတုန်းက ၂၀၂၄ ခုနှစ်အတွက် အကယ်ဒမီဆု ၁၆ ဆုတိတိ ချီးမြှင့်ခဲ့ရာမှာ ရုပ်ရှင်ဇာတ်ကား ခြောက်ကားက ဆွတ်ခူးရရှိခဲ့တာပါ။ အဲ့ဒီ ဇာတ်ကား ခြောက်ကားကို ၂၀၂၄ ခုနှစ် မတ်လအတွင်းမှာ ရက်သတ္တသုံးပတ်ကြာအောင် ပွဲတော်အသွင်နဲ့ ပြသပေးခဲ့ပါတယ်။ အဲ့ဒီအချိန်က ဆုရဇာတ်ကားအရေအတွက် ပေါ်မူတည်ပြီး ဇာတ်ကားတစ်ကားကို သုံးရက်နှုန်းနဲ့ အားရပါးရ ပြသပေးနိုင်ခဲ့ပါတယ်။

ဒီနှစ် ၂၀၂၆ ခုနှစ် အစီအစဉ်မှာတော့ ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားပေါင်း ၇၂ ကားထဲကမှ ထူးချွန်ဆုတွေ ဆွတ်ခူးရရှိထားတဲ့ ထိပ်တန်း ဇာတ်ကား ရှစ်ကား တိတိကို ရွေးချယ်ပြသသွားမှာဖြစ်ပါတယ်။

ဒီနှစ်ရဲ့ ပူပူနွေးနွေး အကယ်ဒမီဆုရတဲ့ဇာတ်ကားတွေကို “၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်”အဖြစ် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်ကနေစတင်ပြီး ဖေဖော်ဝါရီ ၂၈ ရက်ထိ ဆက်တိုက်ပြသသွားမှာပါ။ နေရာကတော့ ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်မှာရှိတဲ့ မြဝတီမီဒီယာစင်တာ (Myawaddy Media Center)က စတားရုပ်ရှင်ရုံ (Star Cinema)မှာ ဖြစ်ပါတယ်။ နေ့စဉ် ရုပ်ရှင်ပြသချိန်တွေကိုတော့ နံနက် ၁၀ နာရီပွဲနဲ့ ညနေ ၆ နာရီပွဲဆိုပြီး တစ်ရက်ကို နှစ်ပွဲနှုန်း သတ်မှတ်ထားပါတယ်။

ယခင်နှစ် ပွဲတော်ကာလ အတွေ့အကြုံများအရ ပြန်လည်ကြည့်ရှုလိုကြတဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေ၊ မကြည့်လိုက်ရတဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုမြင့်မားခဲ့တာကို တွေ့ရှိရပါတယ်။ ယခုနှစ် အစီအစဉ်တွင်မူ ပြသရက်မှာ ဇာတ်ကားတစ်ကားကို နှစ်ရက်နှုန်းသာ ရှိတဲ့အတွက် ရုပ်ရှင်ချစ် ပရိသတ်တို့အနေနဲ့ မိမိတို့ ကြည့်ရှုလိုတဲ့ ဇာတ်ကားတွေအတွက် အချိန်နဲ့ ရက်စွဲကို ကြိုတင်စိစစ် ပြင်ဆင်ထားသင့်ပါတယ်လို့လဲ အကြံပြုလိုပါတယ်။

ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့တာ ပရိသတ်တွေ၊ ရုပ်မြင်သံကြားလိုင်းတွေနဲ့ အွန်လိုင်းတွေကနေ ကြည့်ရှုရသူတွေ အသိပါပဲ။ ဗိုလ်ချုပ်မှူးကြီးက အဲဒီပွဲမှာ အနုပညာလောကသားတွေအတွက် အားတက်စရာ မိန့်ခွန်းစကား ပြောကြားခဲ့ပါတယ်။




**“နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် အားပေးကူညီမှုများကို လုပ်ဆောင်ပေးခဲ့ပြီး ဆက်လက်၍လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း”** အတိအလင်း ပြောကြားခဲ့သလို ရုပ်ရှင်အနုပညာရှင်တွေကိုလဲ **“ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ်မြန်မာ့ဓလေ့ မြန်မာ့စရိုက်၊ မြန်မာ့ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပတွေကိုဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန်”** တိုက်တွန်းခဲ့ပါတယ်။ ဒါ့ပြင် **“အမျိုးသားရေးနှင့် ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ထွန်းကားရေး၊ ပြည်သူများ အသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြရန်”**လည်း ထပ်လောင်းမှာကြားခဲ့ပါတယ်။

မကြာမီကျင်းပမယ့် ဒုတိယအကြိမ် အကယ်ဒမီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်မှာ ဘယ်ဇာတ်ကားကောင်းတွေကို ဘယ်ရက်တွေမှာ ကြည့်ရှုရမလဲဆိုတာ အသေးစိတ်ပြောပြပါဦးမယ်။

**ဖေဖော်ဝါရီ(၁၃၊ ၁၄)-“နှင်းပွင့်စေရာ”**

မေခရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်တဲ့ နှင်းပွင့်စေရာ ဇာတ်ကားရဲ့ ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုရှင် “သားကျော်”ရဲ့ ရှုခင်းအလှအပနဲ့ ကင်မရာအယူအဆ လက်ရာတွေကို ခံစားရမှာပါ။

**ဖေဖော်ဝါရီ(၁၅၊ ၁၆)-“မြေစာ”**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ “မြေစာ”ဇာတ်ကားထဲက ပရိသတ်အချစ်တော် “မြင့်မြတ်”ရဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုနဲ့ထိုက်တန်လှတဲ့ ပီပြင်လွန်းတဲ့ သရုပ်ဆောင်ချက်တွေကို တွေ့မြင်ခံစားကြရပါမယ်။

**ဖေဖော်ဝါရီ(၁၇၊ ၁၈)-“မြှောသံ”**

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ “မြှောသံ”ဇာတ်ကားဖန်တီးရှင်ဖြစ်တဲ့ ဒါရိုက်တာ ထူးချွန်ဆုရှင် “သြရသ”ရဲ့ ကျွမ်းကျင်ပိုင်နိုင်တဲ့ ရုပ်ရှင်ရိုက်ကူးမှုအနုပညာကို လွမ်းမောခံစားကြရပါမယ်။

**ဖေဖော်ဝါရီ(၁၉၊ ၂၀)- “မြို့ပြထဲကလမ်းမ”**

Hunk ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ “မြို့ပြထဲကလမ်းမ” ဇာတ်ကားက ရုပ်ရှင်တည်းဖြတ်ဆုရှင် “ခွန် (Khun)” ရဲ့ ရုပ်ရှင်တည်းဖြတ်မှုစွမ်းရည်က ဇာတ်ကားကို ဘယ်လိုအချိတ်အဆက်မိမိ ရင်ထဲကိုအရောက်ခေါ်ဆောင်သွားနိုင်သလဲဆိုတာကို ကြည့်ရှုခံစားနိုင်ကြပါမယ်။

**ဖေဖော်ဝါရီ(၂၁၊ ၂၂)- “မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ်”**

မင်းမဟာရုပ်ရှင်ထုတ်လုပ်ရေးရဲ့ “မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ်”ဇာတ်ကားရဲ့ ဝါရင့်သရုပ်ဆောင် “နေမျိုးအောင်”ရဲ့ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ သရုပ်ဆောင်ချက်တွေဟာ ဘယ်လောက်ထိ ပြောင်မြောက်သလဲဆိုတာကို မြင်တွေ့ကြည့်ရှုနိုင်ကြပါမယ်။

**ဖေဖော်ဝါရီ(၂၃၊ ၂၄)- “မောင့်မိဖုရား ”**

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးရဲ့ “မောင့်မိဖုရား”ဇာတ်ကားက ဒီနှစ်မှာ ဆုအများဆုံးရခဲ့တဲ့ ဇာတ်ကားပါ။ ဇာတ်ညွှန်းဆု(သီလံ)၊ အမျိုးသမီးဇာတ်ပို့ဆု(ခိုင်နှင်းဝေ)၊ အမျိုးသမီးဇာတ်ဆောင်ဆု(ရတနာဗို) တို့ ပေါင်းစပ်ထားတဲ့ အနုပညာလက်ရာမွန်ကို ရသအစုံအလင်နဲ့ ရင်နင့်အောင်ခံစားကြည့်ရှုကြရပါမယ်။

**ဖေဖော်ဝါရီ(၂၅၊ ၂၆)-“ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး”**

Hein Film Production ကထုတ်လုပ်တဲ့ “ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး”ဇာတ်ကားကတော့ တစ်နှစ်တာရဲ့ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကြီးကို ဆွတ်ခူးထားတဲ့ ဇာတ်ကားဖြစ်လို့ လက်လွတ်မခံဘဲ အရောက်ကြည့်ရှုခံစားကြရမယ့် ဇာတ်ကားကြီးတစ်ကားဖြစ်ပါတယ်။

**ဖေဖော်ဝါရီ(၂၇၊ ၂၈)-“နတ်ဝင်သည်”**

W Entertainment ရုပ်ရှင်ထုတ်လုပ်ရေးရဲ့လက်ရာ “နတ်ဝင်သည်” ဇာတ်ကားနဲ့ ပွဲတော်ကို အဆုံးသတ်မှာဖြစ်ပြီး အဲ့ဒီဇာတ်ကားကရုပ်ရှင်အသံထူးချွန်ဆုရှင် “ကိုဂျိုး”ရဲ့ အသံဖန်တီးမှု အနုပညာစွမ်းရည်တွေက ဇာတ်ကားကို ဘယ်လိုရုပ်လုံးကြွ သက်ဝင်လာစေသလဲဆိုတာကို ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။

ယခုနှစ်မှာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရခဲ့ကြတဲ့ ဇာတ်ကားတွေဘာကြောင့် ထိုက်ထိုက်တန်တန်ဆုတွေ ရရှိခဲ့သလဲဆိုတာ ကိုယ်တိုင်ကိုယ်ကျ အကဲဖြတ်နိုင်ဖို့၊ အဲဒီဇာတ်ကားတွေရုံတင်စဉ်က မကြည့်လိုက်ရသူတွေ ကြည့်နိုင်ကြစေဖို့ ဒါမှမဟုတ် ကြည့်ပြီးသူတွေလဲ ထပ်မံကြည့်ရှုခံစားနိုင်စေဖို့၊ ပြီးတော့ မိမိတို့ချစ်ခင်အားပေးရတဲ့ အနုပညာရှင်တွေရဲ့ အောင်မြင်မှုကို အတူတကွ ဂုဏ်ပြုဖို့အတွက် လာမယ့်မတ် ၈ ရက်မှာ ကျရောက်မယ့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရ ဇာတ်ကားကောင်းတွေကို သတ်မှတ်ရုံဝင်ကြေးနဲ့ တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်ကြမယ့် ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ Star Cinema ကို အရောက်လှမ်းခဲ့ကြဖို့ ရုပ်ရှင်ချစ်သူအားလုံးကို လေးစားစွာနဲ့ ဖိတ်ခေါ်လိုက်ရပါတယ်။

**မိုးကောင်းလုလင်**

# ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီမှ ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား၊ သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

ဝတ္ထုတိုကလျာ

# မေတ္တာသိတဲ့ကြိုး

အမေ့သား(နတ်မောက်)



**ယမန်နေ့မှအဆက်**

"ဒါဆို အဖေက မစားဘဲ ပြန်ရတော့မှာလား"

ကိုလှဆောင်က ခပ်ငေါ့ငေါ့လေး ပြောလိုက်တော့-

"မပြန်ရပါဘူး အဖေရဲ့။ ခဏလေးပဲစောင့် ခဏလေးပဲ။ ခဏဆို ကျက်ပြီ"

ကိုလှဆောင်ကို မပြန်စေချင်သေးဘူးဆိုတာ သန္တာရဲ့ ချက်ချင်းတုံ့ပြန်လိုက်တဲ့ စကားအသွားအလာကိုကြည့်ရင် သိနိုင်တယ်။ သမီးရဲ့ ခဏလေးက တစ်နာရီသာသာလောက်တော့ ကြာသွားတယ်လို့ ကိုလှဆောင် ထင်တယ်။ အငွေ့တထောင်းထောင်း ထနေတဲ့ ထမင်းပူပူကလေးကို ချဉ်ပေါင်ဟင်းရည်လေးဆမ်း၊ ငရုတ်သီးထောင်းကလေးနဲ့ နယ်ဖတ်ပြီး စားလိုက်ရတဲ့အရသာကို ကိုလှဆောင် အမြိန်ရှက်ဆုံးပဲ။ သမီးက ငါးခြောက်ကလေးကို ခရမ်းချဉ်သီးလေးနဲ့ပါ ရေခန်းချက်ပေးထားတော့ ကိုလှဆောင် စားလိုက်တာ ထမင်းဘယ်နှပန်းကန် ကုန်သွားမှန်းတောင်မသိဘူး။ သမီးရဲ့ လက်ရာကို သမီးနဲ့ မျက်နှာချင်းဆိုင် လက်ဆုံစားလိုက်ရတဲ့ အခိုက်အတန့်ကလေးဟာ ကိုလှဆောင်အတွက် လောကနိဗ္ဗာန်ပါပဲ။ ဟင်းချက်တဲ့အခါ ဟင်းချိုမှုန့်ကို ဖောဖောသီသီသုံးတတ်တဲ့ သမီးက ဒီတစ်ခါတော့ ဟင်းချိုမှုန့်ကို အတော်လျှော့သုံးထားဟန်တူသလို အရင်လို ဆီတွေလဲ နစ်မနေပြန်ဘူး။ သဘာဝအတိုင်းရှိနေတဲ့ အရသာကလေးနဲ့ သမီးစားတတ်နေပြီထင်ပါရဲ့။ ဒါဟာ ကိုလှဆောင် မကြာခဏပြောနေတဲ့ စကားတွေကို သမီးနားဝင်သွားပြီဆိုတဲ့ သဘောပေါ့။ ကိုလှဆောင်ကျေကျေနပ်နပ်ကြီး ပြုံးလိုက်တယ်။ နေကလေး ဝင်လုလုအချိန်ရောက်တော့မှ ကိုလှဆောင် အိမ်ပြန်လာခဲ့တယ်။

ကိုလှဆောင်ဟာ နှစ်ရက်ခြား တစ်ခါ၊ သုံးရက်ခြား တစ်ခါလောက် သားသမီးတွေရဲ့ အိမ်ကို အခုလိုပဲ အလည်အပတ်ရောက်အောင် သွားတတ်တယ်။ မသွားနိုင်လောက်အောင် အလုပ်တွေရှုပ်နေရင်တောင် အလုပ်ကိုဖျက်ပြီး ရောက်အောင်သွားတတ်တာ။ ဇော်နိုင်ထွန်းနဲ့ သန္တာတို့ အိမ်ကို သွားပြီးရင် ယောက္ခမအိမ်မှာ လိုက်နေရတဲ့ ခပ်အေးအေး၊ ခပ်အအ အငယ်ကောင်ထွန်းအောင်အိမ်ကိုလဲ ရောက်အောင် သွားဖြစ်တယ်။ သူများအိမ်မှာ လိုက်နေရပေမဲ့ မျက်နှာမငယ်စေချင်တာကြောင့် ကိုလှဆောင် ထွန်းအောင်ဆီကို ရောက်အောင်သွားတာဖြစ်ပါတယ်။

အပူကလေးငွေ့ပြီး ဖျားမလိုဖြစ်တာလောက်တော့ ကိုလှဆောင် ဆေးသောက်စရာ မလိုပါဘူး။ ဆေးကုစရာလဲ မလိုပါဘူး။ သားသမီးတွေအိမ် လျှောက်သွားလိုက်တာနဲ့ အဖျားငွေ့က အလိုလို ပျောက်သွားတတ်တာ။ လှုပ်လှုပ်ရှားရှားဖြစ်သွားတာကြောင့်လို့ ရိုးရိုးကလေးတွေးစရာရှိပေမဲ့ တကယ်တမ်းကျတော့ လှုပ်လှုပ်ရှားရှားဖြစ်သွားတာ တစ်ခုတည်းကြောင့် မဟုတ်ဘူး။ အနေဝေးနေတဲ့ သားသမီးတွေရဲ့မျက်နှာ မြင်လိုက်ရလို့၊ သားသမီးတွေရဲ့အသံကို ကြားလိုက်ရလို့ ကိုလှဆောင် စိတ်တွေလန်းဆန်းလာပြီး အဖျားစိတ်က အလိုလို ပျောက်သွားတတ်တာ။ ဒါကို ကိုလှဆောင်ပဲ သိတယ်။

အဲဒီလို အလည်အပတ်သွားပြီး ပြန်လာတဲ့အခါ သားသမီးတွေ ထည့်ပေးလိုက်တဲ့ အထုပ်ကလေးတွေ ပါလာတဲ့အခါလဲ ရှိရဲ့။ မပါလာတဲ့အခါလဲ ရှိရဲ့။ ကိုလှဆောင်လက်ထဲမှာ အထုပ်ကလေးတွေပါလာတဲ့အခါ ပတ်ဝန်းကျင်က ဖြတ်သွားဖြတ်လာလူတွေဆီက "သားသမီးတွေ အများကြီးမွေးထားတာ ဟန်ကျသဟ"ဆိုတဲ့ ခပ်ငေါ့ငေါ့စကားတွေကို ကြားရတတ်တယ်။ ဒီစကားတွေကိုတော့ ကိုလှဆောင် ဂရုစိုက်မနေပါဘူး။ အမှတ်အတေးလဲ ထားမနေပါဘူး။ ဒီအထုပ်အပိုးတွေကို မျှော်ကိုးပြီး သွားနေတာ မဟုတ်ဘူးဆိုတာကိုလဲ ကိုလှဆောင်က လွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူး။

"ဟူး... စိတ်ပူလိုက်ရတာ အဖေရယ်။ သားတွေ၊ သမီးတွေဆီ သွားမယ်ဆိုရင်လဲ မြင်မြင်ထင်ထင်ရှိတဲ့အချိန် ပြန်လာမှပေ့ါ။ အဖော်မပါ ဘာမပါနဲ့ မှောင်မှောင်မည်းမည်း မီးကမပါဘူး။ ပေးပေး လက်ထဲကအထုပ်ကြီး သမီးကိုပေး။ အဖေ ခြေလက်ကလေး ရေဆေးလိုက်။ ရေတော့ မချိုးနဲ့တော့၊ နောက်ကျနေပြီ။ ပြီးရင် ထမင်းစားရအောင်၊ အမေ ထမင်းဝိုင်းမှာ စောင့်နေတယ်"

အငယ်ဆုံးသမီး ကျောင်းဆရာမ ဖြူနှင်းသော်က ကိုလှဆောင်ရဲ့ လက်ထဲကအိတ်ကို ယူရင်း သောကစကားတွေကို တရစပ်ပြောတော့တာပဲ။

"ကိုယ့်ကိုယ်ကိုယ် ငယ်ငယ်ရွယ်ရွယ်ကလေးများ ထင်နေသလား မသိဘူး။ လမ်းမှာများ တစ်ခုခုဖြစ်ပြီး လဲနေရင် အင်း... ကိုလှဆောင် ကိုလှဆောင်၊ တော်နဲ့လဲ ဒုက္ခပါပဲ"

မခင်စိန်ရဲ့စကားတွေကို ကိုလှဆောင် အရေးလုပ်မနေပါဘူး။ ကိုလှဆောင်က သူ့ကိုယ်သူ သန်တုန်းမြန်တုန်းလို့ ထင်နေတုန်း။ ဖျားတယ်နာတယ်တောင် မရှိတာ။ ဘာတွေများ တွေးပူနေသလဲ ခင်စိန်ရယ်လို့တောင် စိတ်ထဲကနေ ပြောနေမိသေးတာ။ ဟိုနား ဒီနား မပြောနဲ့ ဟိုဘက်ရွာ ဒီဘက်ရွာကိုတောင် နေ့ချင်းပြန် ကူးချည်သန်းချည် သွားလာနေနိုင်တာ မင်းအမြင်ပဲ မဟုတ်လား ခင်စိန်ရယ်။ မာနကလေးတင်းပြီး စိတ်ထဲကနေပြောနေတဲ့ ကိုလှဆောင်ရဲ့ စကားတွေဟာ ကနေ့အချိန်ထိ မှန်နေပါသေးတယ်။ ဒါပေမဲ့...။

(၃)

လိမ့်ခနဲ လိမ့်ခနဲ စီးကျလာတဲ့ မျက်ရည်စတွေကို ကိုလှဆောင် မသုတ်နိုင်ရှာဘူး။ စိတ်က သွားပေမဲ့ လက်က လိုက်မလာနိုင်။ ကိုယ်ခန္ဓာဟာ တစ်နေရာတည်းမှာ ကြာကြာနေရဖန်များလာတော့ ညောင်းညာလာတယ်။ နေရာပြင်ချင်ပေမဲ့ ပြင်လို့မရ။ ခွန်အားတွေကို စိုက်ထုတ်လိုက်ပေမဲ့ ထွက်မလာ။ အကူအညီတောင်းရမှာကို မလိုလားတဲ့ ကိုလှဆောင် ဒီတစ်ခါမှာတော့ သူ့မာနတွေကို ခဝါချခဲ့ရပြီ။ ပါးစပ်ကနေ မခင်စိန်နဲ့သမီးကို တစ်လှည့်ဆီ ခေါ်နေပေမဲ့ စကားတွေက မပီပြင်ဘဲ တဝူးဝူး တဝါးဝါးနဲ့သာ ထွက်လာနေတယ်။ မျက်ဝန်းကနေ ထွက်လာနေတဲ့ မျက်ရည်ပေါက်ကလေးတွေဟာလဲ ပါးပြင်မှာ စိုစွတ်လာတယ်။

"အဖေ... နေရာပြင်ချင်လို့လား။ ခဏနော် သမီးလာပြီ။ အမေရေ လာပါအုံး၊ အဖေနေရာပြင်ချင်လို့တဲ့"

ကိုလှဆောင်အနား သမီးဖြူနှင်းသော် ချက်ချင်းရောက်လာတယ်။ ကိုလှဆောင်ကို သူတစ်ယောက်တည်း မ ပြီး မရွှေ့နိုင်တော့ သူ့အမေအလာကို စောင့်နေရတယ်။ လူမမာမေးလာတဲ့သူတွေကို ရေနွေးဝိုင်းပြင်ပေးဖို့လုပ်နေတဲ့ မခင်စိန်က "လာပြီ... လာပြီ"လို့ ပြောပေမဲ့ ပေါ်မလာသေးပါဘူး။

"အဖေရယ်... ဘာတွေ တွေးပြီး ငိုနေပြန်တုံး။ ဝင်လေထွက်လေလေး မှတ်နေပါဆို။ သမီးစကားဆိုနားကိုမထောင်ဘူး"

ဖြူနှင်းသော်က တဘက်ကလေးနဲ့ ကိုလှဆောင် မျက်ဝန်းက မျက်ရည်စတွေကို သုတ်ပေးနေရှာတယ်။

"ညည်းအဖေ ငိုနေပြန်ပြီလား"

ဒရောသောပါးနဲ့ မခင်စိန် ရောက်လာပြီး မေးတယ်။

"ဟုတ်တယ် အမေရေ၊ သူ့သားသမီးတွေ ပေါ်မလာတော့ ဝမ်းနည်းလို့ထင်ပါရဲ့။ အစ်ကိုတွေ၊ အစ်မတွေကလဲ နေနိုင်လိုက်တာ။ ဖအေတစ်ယောက်လုံး ဒီလိုဖြစ်နေတာကိုတောင် မလာနိုင်လောက်အောင် ဘာတွေများ အရေးတကြီးအလုပ်တွေရှိနေကြပါလိမ့်"

အစ်ကို၊ အစ်မတွေကို မကျေမနပ်ပြောထွက်လာတဲ့ ဖြူနှင်းသော်ရဲ့စကားတွေက ကိုလှဆောင်ကို ပိုပြီး ဝမ်းနည်းသွားစေတယ်။ "မဟုတ်ဘူး မဟုတ်ဘူး"လို့ ချက်ချင်းငြင်းဆိုလိုက်ပေမဲ့ ကိုလှဆောင်ပါးစပ်က တဝူးဝူး တဝါးဝါးနဲ့သာ ထွက်လာနေပါတယ်။ ဒါကို မခင်စိန်က နာလို့အော်တယ် ထင်သွားပုံရတယ်။ "သမီး ဖြည်းဖြည်း" လို့ပြောပြီး ကိုလှဆောင်ကို ညင်ညင်သာသာကလေး မ ပြီး ရွှေ့ပေးနေတယ်။ သားအမိနှစ်ယောက် ကြိုးစားပမ်းစား နေရာပြင်ပေးလိုက်တော့ ကိုလှဆောင် နေသာထိုင်သာရှိသွားတယ်။ ဒါပေမဲ့ အစ်ကို၊ အစ်မတွေအပေါ် အထင်လွဲနေရှာတဲ့ ဖြူနှင်းသော်ကို နားလည်အောင် ကိုလှဆောင် ရှင်းမပြနိုင်ခဲ့ဘူး။ ကိုလှဆောင် ဘယ်လိုလုပ်ရမလဲ။

သားရေး၊ သမီးရေး ကိစ္စတွေနဲ့ ရှုပ်ထွေးနေတဲ့ အိမ်ထောင်သည် သားသမီးတွေအနေနဲ့ နောင်ရေးကို စွန့်ခွာပြီး ချက်ချင်းကြီးရောက်မလာတာကို ကိုလှဆောင် ဘယ်အောက်မေ့နေနိုင်လိမ့်မလဲ။ ဒီဘဝတွေကို ဖြတ်သန်းလာခဲ့တဲ့ ကိုလှဆောင် နားလည်ပါတယ်လေ။ ကိုလှဆောင် နားမလည်တာက အိပ်ရာထဲ ဗုန်းဗုန်းလဲသွားရတဲ့ကိစ္စ။ ဖျားတာ၊ နာတာတောင်မရှိဘဲ ဟိုဘက်ရွာ၊ ဒီဘက်ရွာကို ခေါက်တုံ့ခေါက်ပြန် သွားလာနေနိုင်တဲ့ သန်သန်မာမာခန္ဓာကိုယ်ကြီးက အခုလို ရုတ်တရက် လဲကျသွားလိမ့်မယ်လို့ ကိုလှဆောင် မထင်ခဲ့မိဘူး။

အဲဒီနေ့က အအေးကြီးမဟုတ်တဲ့ ဆောင်းမနက်ခင်းမှာ လေအေးအေးကလေးနဲ့ ကိုလှဆောင် အိပ်ရာနိုးထလာခဲ့တယ်။ မျက်နှာသစ်ဖို့ ရေစင်ဆီအသွားမှာ ခေါင်းထဲက မိုက်ခနဲဖြစ်ပြီး လဲကျသွားတော့တာ။ ကိုလှဆောင် အားတင်းပြီး ထပေမဲ့ မထနိုင်ရှာဘူး။ ကိုလှဆောင် လဲကျသွားတဲ့အသံက တော်တော်လေးကျယ်သွားပုံရတယ်။ မီးဖိုခန်းထဲမှာ ချက်ပြုတ်နေတဲ့ မခင်စိန်တစ်ယောက် အထိတ်တလန့်နဲ့ ကိုလှဆောင်ဆီ ပြေးထွက်လာတယ်။ ပါးစပ်ကလဲ ဖြူနှင်းသော်ကို လှမ်းခေါ်နေတယ်။

သားအမိနှစ်ယောက်တွဲထူပြီး နေရာချပေးထားတဲ့ အိပ်ရာပေါ်ကနေ ကိုလှဆောင် ပြန်မထနိုင်ခဲ့တာ အခုဆိုရင် သုံးရက်ကျော်ရှိခဲ့ပြီ။ သားတွေ၊ သမီးတွေဆီ မရောက်ဖြစ်တာ သုံးရက်များတောင် ကြာခဲ့ပြီဆိုတာ အတွေးရောက်သွားတော့ ကိုလှဆောင်မျက်ဝန်းမှာ တစ်ဖန်ပြန်လို့ မျက်ရည်တွေ စိုစွတ်လာပြန်တယ်။

ဇော်နိုင်ထွန်းတစ်ယောက် အရင်ကထက် အရက်တွေ ပိုသောက်နေပြီလား။ ညနေစောင်း ဇော်နိုင်ထွန်းအိမ် ကိုလှဆောင် ရောက်လာပြီ။ ဇော်နိုင်ထွန်းလဲ အိမ်မှာရှိနေတယ်ဆိုရင် အဲဒီညနေ ဇော်နိုင်ထွန်းတစ်ယောက် အရက်မသောက်တော့ဘူးလို့ ချွေးမဖြစ်သူက ပြန်ပြောပြတယ်။ ဖအေဖြစ်သူကို လေးစားသမှုပြတဲ့သဘောပေ့ါ။ ဇော်နိုင်ထွန်းနဲ့တွေ့တိုင်း အရက်ကို လျှော့သောက်ဖို့၊ တတ်နိုင်ရင် မသောက်ဘဲနေဖို့ မကြာခဏပြောတတ်တဲ့ ကိုလှဆောင်စကားတွေကို နားထောင်တယ်ဆိုတဲ့ သဘောပေ့ါ။ ကိုလှဆောင်မျက်ဝန်းမှာ အပြုံးရိပ်ကလေးသန်းလာတယ်။ အခု သူမသွားနိုင်တဲ့ သုံးရက်အတွင်းမှာရော ဇော်နိုင်ထွန်း အရက်တွေသောက်နေတုန်းပဲလား။ သူ့စကားကို နားထောင်ပြီး မသောက်ဘဲရှောင်နေလေသလား။ ကိုလှဆောင် သိချင်မိတယ်။ ဇော်နိုင်ထွန်းအိမ်ကို သွားပြီး အခြေအနေမှန်ကို ပြေးကြည့်ချင်မိရဲ့။ သောက်နေတုန်းဆိုရင် လျှော့သောက်ဖို့၊ အရက်ကို ဖြတ်ဖို့ ကိုလှဆောင် ပြောချင်သေးတယ်။ စိတ်က လှုပ်လှုပ်ရွရွဖြစ်နေပေမဲ့ ခန္ဓာကိုယ်ကတော့ နေမြဲအတိုင်းသာ။

ယောက္ခမအိမ်မှာ မျက်နှာငယ်ကလေးဖြစ်နေတဲ့ ထွန်းအောင် ကိုလှဆောင်များ ပေါ်လာပြီဆိုရင် ပြုံးလို့၊ ရွှင်လို့။

စာမျက်နှာ ၂၅ သို့ á

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၂၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၂၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၃၄၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ခင်ဦးမြို့နယ်တွင် ၄၈၈ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၁၁၂ ဧက၊ စုစုပေါင်း ဧက ၂၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ပဲကြီးဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီး လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ဧက ၁၃၅၀၊ ဝက်လက်မြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၃၄၇၅ ဧက ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ခုနှစ် ဒီဇင်ဘာလအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း သီးထပ်ရင်ဆန် အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီလအတွင်းက သီးထပ်ရင်ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်ဆန်က ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုကောင်းလာတာဖြစ်ပါတယ်" ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်ဆန်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လူငယ်စွမ်းအင်

\- ကိုယ်နိုင်ရာ စွမ်းအင်များ
ကြိုးစားလို့ ထမ်းရွက်မယ်၊
တို့ပြည်ရွာ သာယာအေးဖို့
အားမွေးစို့ကွယ်၊
ဂုဏ်ရှိသော နိုင်ငံရယ်
ကမ္ဘာ့တင့်တယ် ဂုဏ်ရည်ဖြိုး၊
နိုင်ငံတော် တိုးတက်စွမ်းဖို့
တက်လှမ်းသယ်ပိုး။

\- လူငယ်တွေ မျိုးဆက်သစ်
တိုးတက်စနစ် အသိပညာ၊
နိုင်ငံကို သမိုင်းလှ
စံပြဖို့ရာ၊
ပညာလည်း သင်ကြားရာ
နိုင်ငံတော်မှာ အကျိုးပြု၊
တို့လူငယ် စိတ်ဓာတ်ကောင်းနဲ့
ညီညွတ်ပေါင်းစု။

\- ရပ်ရွာကို ချစ်မြတ်နိုး
နိုင်ငံ့အကျိုး ကြည့်တတ်စေ၊
ရွှေနိုင်ငံ စွမ်းအင်လွှမ်း
ရှင်သန်းလျက်နေ၊
ခေတ်မီသော မြန်မာ့မြေ
တာဝန်ကျေ ညီညာထမ်း၊
လူငယ်တွေ အတွေးမမှားဘဲ
နိုးကြားလျှောက်လှမ်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

# မချမ်းဘော့မြို့နယ် ပန်ဆပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မချမ်းဘော့ ဖေဖော်ဝါရီ ၉**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်ဆပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၂၀ ဒသမ ဝ၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပန်ဆပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ဦးကို ငွေကျပ် ၇ ဒသမ ၁၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် သုံးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၀ ဒသမ ဝ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

á စာမျက်နှာ ၂၄ မှအဆက်

သူ့ခမျာ အိမ်ထောင်သာကျသွားတယ်။ စိတ်က ကလေးစိတ်။ ဖအေကို တောင့်တောင့်တတ မျှော်နေတုန်း။ သုံးလေးရက်ကြာများ သူ့ဆီ ပေါ်မလာရင် ဖအေကို မငိုရုံတမည် ဆီးပြီး ရန်တွေ့တော့တာပဲ။ တကယ့် ကလေးစိတ်။ အခုရော မျှော်နေပြန်ပြီလား။ ကိုလှဆောင် ပြေးသွားချင်မိတယ်။ အားတင်းပြီး ခြေထောက်ကို မကြည့်လိုက်ပေမဲ့ ခံစားမှုက ခြေထောက်ဆီရောက်မသွား။ ခြေထောက်တွေ ဘယ်ရောက်သွားပါလိမ့်။ လက်တွေကို အားတင်းပြီး မြှောက်ကြည့်တယ်။ အသိစိတ်က လက်တွေဆီလဲ ရောက်မသွားပြန်။ လက်တွေ၊ ခြေထောက်တွေ ဘယ်ရောက်သွားပါလိမ့်။ လှုပ်ချင်တိုင်း လှုပ်လို့မရ၊ သွားချင်တိုင်း သွားလို့မရတဲ့ ခန္ဓာကိုယ်ကြီးကို ကိုလှဆောင် စွန့်ပစ်ချင်လှပြီ။ မုန်းလှပါပြီ။ ပါးပြင်မှာ မျက်ရည်စတွေ ပိုလို့စိုစွတ်လာတာကိုလဲ ကိုလှဆောင် မသုတ်နိုင်ရှာဘူး။ သမီးပြောတဲ့ ဝင်လေထွက်လေကို အာရုံစိုက်ပြီး ရှုကြည့်တယ်။ စိတ်အစဉ်က စုစည်းလို့မရတော့ ဘယ်အချိန်မှာ လေကိုရှူသွင်းမိပြီး ဘယ်အချိန်မှာ ပြန်မှုတ်ထုတ်မိသလဲဆိုတာ ကိုလှဆောင် မသိဘူးဖြစ်နေတယ်။

ဟင်းချိုမှုန့်တွေ လှိုင်လှိုင်သုံးမှ ဟင်းတွေအရသာရှိတယ်လို့မှတ်ယူထားတဲ့ သမီးသန္တာဆီ စိတ်ကရောက်သွားပြန်တယ်။ ကိုလှဆောင် ပြောလွန်းမက ပြောတော့မှ သန္တာတစ်ယောက် ဟင်းချိုမှုန့်တွေ လျှော့သုံးလာတယ်။ သန္တာ့အနေနဲ့ လျှော့သုံးတယ်ဆိုတာက ကိုလှဆောင်အတွက် များနေသေးတာ။ ကိုလှဆောင်က ဒီထက်လျှော့ပြီး သုံးစေချင်သေးတာ။ ဖြစ်နိုင်ရင် ဟင်းချိုမှုန့်ကို ထည့်ကိုမထည့်စေချင်တာ။ ကျန်တဲ့သူတွေ ဟင်းချိုမှုန့်စားတာ ဘာမှမဖြစ်ပေမဲ့ သမီးသန္တာ ညည်းက သွေးတိုးနဲ့လေ။ ဟင်းချိုမှုန့်ကို လျှော့စားမှပေါ့။ သန္တာတို့အိမ်ရောက်တိုင်း ကိုလှဆောင် ထမင်းစားဖြစ်အောင် စားတယ်။ မဆာရင်တောင် တစ်လုတ်၊ နှစ်လုတ်တော့ ဝင်အောင် စားလိုက်သေးတာ။ တစ်နေ့ထက်တစ်နေ့ ဟင်းချိုမှုန့်ကို လျှော့လျှော့ပြီး သုံးလာတဲ့အရသာကို ခံစားမိတော့ ကိုလှဆောင် ပီတိဖြစ်ရတယ်။ ကျေနပ်ရတယ်။ အခု ကိုလှဆောင် မလာနိုင်ရှာတဲ့ အတောအတွင်းမှာရော သမီးသန္တာတစ်ယောက် ဟင်းချိုမှုန့်တွေ လျှော့သုံးနေသေးလား။ အရင်တုန်းကလိုပဲ ဟင်းချိုမှုန့်လေးနိုင်နိုင်သုံးမှ ထမင်းစားမြိန်နေတတ်တုံးလား။ တွေးပူမိပြီး မျက်ရည်စတို့ စီးကျလာပြန်တယ်။

ဒီလိုနဲ့ ကိုလှဆောင် စိတ်အစဉ်ဟာ သားတွေ၊ သမီးတွေဆီ တစ်ယောက်ပြီးတစ်ယောက် တစ်လှည့်ဆီ။

ပါးပြင်ထက်က မျက်ရည်စတို့ကလဲ တစ်လိမ့်ပြီး တစ်လိမ့် စီးကျလို့နေဆဲ။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| **စုစုပေါင်း** | | | | | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင် ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင်ပါဝင်သော မေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များကို** (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း**နံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ -'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့် ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်း ပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ) ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ - ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး -၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး - ၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှအဆက်

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ**။ ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်**။ ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်**။ ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကို ကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** - ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+) လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။ Exy သည် အနုတ်(-) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် တွဲဖက်ကုန်စည်များ ဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသော အရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (-) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။ ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည် ဝယ်လိုအား အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။ Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ ΔQ နှင့် ΔP တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ ΔQ နှင့် ΔY တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) 'ထုတ်လုပ်မှုသီအိုရီ' အခန်းတွင်** စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ်(-)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသောပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့၊ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန် အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) 'စရိတ်သီအိုရီ' အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာ မေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) 'စီးပွားရေးတိုးတက်မှု'**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့်သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့်သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင်မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည် ။}$$

စာမျက်နှာ ၂၈ သို့

စာမျက်နှာ ၂၇ မှအဆက်

အကယ်၍ နှစ်အလိုက်ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်၍ တွက်ချက်ပါဟု ဖော်ပြထားပါက ပုံသေနည်းတွင် လွန်ခဲ့သောနှစ်နေရာ၌ အခြေခံနှစ်ကို ထည့်သွင်းတွက်ချက်ရမည်။

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{အခြေခံနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၀ ခုနှစ်သည် အခြေခံနှစ်ဖြစ်သည်ဆိုပါစို့။ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကို အခြေခံနှစ်နှင့် နှိုင်းယှဉ်တွက်ချက်လိုလျှင်

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၀ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည်။}$$

**နှစ်အလိုက် ငွေဖောင်းပွမှုနှုန်း အတက်အကျဖြစ်ပုံအနေဖြင့်သုံးသပ်ရာတွင်** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်တွင် မြင့်တက်ပြီး မည်သည့်ခုနှစ်တွင် ကျဆင်းသွားသည်၊ ငွေဖောင်းပွမှုနှုန်းသည် မည်သည့်နှစ်တွင် အနိမ့်ဆုံးဖြစ်ပြီး / မည်သည့်နှစ်တွင် အမြင့်ဆုံးဖြစ်သည် စသည်ဖြင့် သုံးသပ်ဖြေဆိုနိုင်ပါသည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်မြင့်တက်နေပါက** ငွေဖောင်းပွမှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်မြင့်တက်နေသည်ဟု သုံးသပ်နိုင်သည်။ **ငွေဖောင်းပွမှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက** မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည်ဟု သုံးသပ်နိုင်သည်။

**ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်သုံးသပ်ရာတွင်သတိပြုရန်အချက်များမှာ** GDP ကျုံ့ကိန်းကို တွက်ချက်ရာတွင် ဒသမ (၃ နေရာ)အထိ ယူရမည်။ GDP ဈေးဆနှုန်းကိန်းကို ဒသမ (၁ နေရာ) အထိယူရမည်။ ငွေဖောင်းပွမှုနှုန်းကိုလည်း ဒသမ (၁ နေရာ) အထိယူရမည်။

**မေးခွန်းနံပါတ်(၅)ကိုဖြေဆိုရာတွင်သတိပြုရမည့်အချက်များမှာ** မေးခွန်းတွင်ဖော်ပြပါရှိသော ကိန်းဂဏန်းများကို အဖြေလွှာပေါ်သို့ပြန်လည်ကူးယူရာတွင် မှားယွင်းမှုမရှိစေရန်နှင့် Calculator ကို အသုံးပြုတွက်ချက်ရာတွင် ရရှိသောအဖြေကို နောက်ထပ်တစ်ကြိမ် ပြန်လည်စစ်ဆေးခြင်းပြုလုပ်ရန်တို့ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာသည် သင်ခန်းစာများအား နှံ့စပ်စွာနားလည်တတ်မြောက်စေမှုကိုရည်ရွယ်ခြင်းဖြစ်ရာ သင်ခန်းစာများအား နှံ့စပ်စွာလေ့လာထားရန်လိုအပ်ပါသည်။ ခမ္ဘမိဋ္ဌာန်မေးခွန်းနှင့် တွက်ချက်သုံးသပ်မှု မေးခွန်းများအတွက်ပေးမှတ်မှာ (၅၀)မှတ်ဖြစ်သဖြင့် ယင်းမေးခွန်းများကို ဖြေဆိုနိုင်ပါက အောင်မှတ်ရရှိနိုင်သော်လည်း အခန်းရွေးချယ်၍ အလွတ်ကျက်မှတ်ဖြေဆိုခြင်းဖြင့် ဂုဏ်ထူးမှတ်ရရှိရန် လွယ်ကူမည်မဟုတ်ကြောင်း သတိပြုစေလိုပါသည်။

ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအားလုံး ထူးချွန်စွာအောင်မြင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၉၂ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၉၂၈၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၉၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့နယ်ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မြေပဲ ၁၉၂၈၃ ဧကလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၉၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ကလေးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။



ကလေးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးစေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ငွေးက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၂၀၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဖေဖော်ဝါရီ ၁ ရက်ကတည်းက စတင်အရောင်းအဝယ်ကောင်းမွန်ခဲ့တာပါ။ ဒေသထွက်ငါးကွမ်းရှပ်ခြောက်တွေကို အခြားဒေသတွေက ဝယ်ယူအားကောင်းနေတာကြောင့် အရောင်းအဝယ်ကောင်းနေတာပါ။ အခုအရောင်းအဝယ်အကောင်းဆုံးကတော့ ငါးကွမ်းရှပ်ခြောက်တွေဖြစ်ပါတယ်" ဟု မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ငွေးက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၅၅၀၀၀ ထိ အရည်သွေးနှင့် အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နတ်မောက် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဈေးသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ဈေးသာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရ၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်စဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၅၁ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဈေးသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၆ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၆ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

စာပေမြင့်မှ လူမျိုးတင့်မည်

**၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး**

# နိုင်ငံအတွက် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှု၏တန်ဖိုး

အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုသည် နိုင်ငံတစ်နိုင်ငံ၏ ခွန်အား၊ တည်ငြိမ်မှုနှင့် တိုးတက်မှုကို ကိုယ်စားပြုသည့် အခြေခံအုတ်မြစ်များဖြစ်သည်။ ဘာသာစကား၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးစု စသည့်ကွဲပြားမှုများ မည်သို့ပင်ရှိစေကာမူ နိုင်ငံသားများကြား စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်လေးစားမှုတို့ဖြင့် နိုင်ငံကိုတည်ဆောက်သွားကြရမည်။ ထို့ကြောင့် ယနေ့ကမ္ဘာကြီးတွင် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှု၏တန်ဖိုးသည် ပိုမိုအရေးပါလာခဲ့သည်။ စည်းလုံးညီညွတ်သော နိုင်ငံတစ်နိုင်ငံသည် ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှုများကို ကျော်လွှားနိုင်ကာ ၎င်း၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်သည်။

**အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို နားလည်ခြင်း**

အမျိုးသားစည်းလုံးညီညွတ်မှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်သူများကြား စည်းလုံးညီညွတ်မှုကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ နိုင်ငံသားများသည် ၎င်းတို့ကိုယ်ကို နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှုမြင်ကြပြီး အချင်းချင်းစည်းလုံးညီညွတ်စွာ စုပေါင်းနေထိုင်ကြခြင်းဖြစ်သည်။ စည်းလုံးညီညွတ်မှုဆိုသည် အပြန်အလှန်ပံ့ပိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် စုပေါင်းတာဝန်ယူမှုတို့ပင်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်မှုနှင့်ပေါင်းစည်းမှုသည် သဟဇာတဖြစ်မှုနှင့် လူမှုရေးစည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးသည်။ စည်းလုံးညီညွတ်ပါက တစ်ဦးချင်းကောင်းကျိုးမှ ဒေသဆိုင်ရာ၊ အကျိုးစီးပွားများကို ဖြစ်လာစေပြီး နိုင်ငံကို ပိုမိုကောင်းမွန်စေသည်။

**စည်းလုံးညီညွတ်မှု၏ အရေးပါမှု**

ယနေ့ခေတ် နိုင်ငံအများစုတွင် မတူကွဲပြားမှုများရှိနေသည်။ မတူကွဲပြားမှုဆိုရာတွင် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဘာသာရေးနှင့် လူမျိုးရေးနောက်ခံအမျိုးမျိုးမှ လူများပါဝင်သည်။ မတူကွဲပြားမှုသည် နိုင်ငံတစ်ခု၏ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝကို ထင်ဟပ်စေနိုင်သဖြင့် ဂရုတစိုက် စီမံခန့်ခွဲမှုမရှိပါက အထင်အမြင်လွဲမှားမှုများနှင့် ပဋိပက္ခများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ မတူကွဲပြားမှုများကို ညှိနှိုင်းပြီး လူအချင်းချင်း ယုံကြည်ချက်များနှင့် ရိုးရာဓလေ့များကို လေးစားချိန်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သည်။ ဤသဟဇာတဖြစ်မှုသည် လူမှုရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် နိုင်ငံအတွင်းမှ အားနည်းစေသည့် ပဋိပက္ခများကို ကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သည်။

**နိုင်ငံတည်ဆောက်ရေးတွင် အမျိုးသားစည်းလုံးညီညွတ်မှု၏ အခန်းကဏ္ဍ**

အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုသည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုသည် စီးပွားရေးတိုးတက်မှု၊ လူမှုရေးတရားမျှတမှုနှင့် နည်းပညာတိုးတက်မှုကဲ့သို့သော ရည်မှန်းချက်များကို အောင်မြင်စေသည်။ နိုင်ငံသားများသည် ပိုင်ဆိုင်မှုဆိုင်ရာ ခိုင်မာသောခံစားချက်ကို ခံစားရသောအခါ လူ့အဖွဲ့အစည်းအတွက် အပြုသဘောဆောင်သော ပံ့ပိုးမှုများကို ဆောင်ရွက်ရန် စိတ်အားထက်သန်လာကြသည်။

**❖ အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုသည် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ စည်းလုံးညီညွတ်သော လူ့ဦးရေသည် စီးပွားရေးတိုးတက်မှု၊ လူမှုရေးတရားမျှတမှုနှင့် နည်းပညာတိုးတက်မှုကဲ့သို့သော မျှဝေထားသော ရည်မှန်းချက်များအတွက် အတူတကွလုပ်ဆောင်ရန် ပိုမိုဖြစ်နိုင်ခြေရှိသည်။ နိုင်ငံသားများသည် ပိုင်ဆိုင်မှုဆိုင်ရာ ခိုင်မာသော ခံစားချက်ကို ခံစားရသောအခါ လူ့အဖွဲ့အစည်းအတွက် အပြုသဘောဆောင်သော ပံ့ပိုးကူညီရန် စိတ်အားထက်သန်လာကြသည်။ ❖**

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှု**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားစည်းလုံးညီညွတ်မှု၊ ပေါင်းစည်းမှုနှင့် နီးကပ်စွာဆက်စပ်နေသည်။ ငြိမ်းချမ်းပြီး စည်းလုံးညီညွတ်သော နိုင်ငံတစ်ခုသည် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ဆန်းသစ်တီထွင်မှုအတွက် တည်ငြိမ်သော ပတ်ဝန်းကျင်ကို ပေးစွမ်းသည်။ နိုင်ငံသားများသည် တစ်ဦးနှင့်တစ်ဦး နိုင်ငံ၏စနစ်ကို ယုံကြည်သောအခါ စီးပွားရေးလုပ်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာသည်။ ထို့ကြောင့် စည်းလုံးညီညွတ်မှုသည် ရေရှည်ကြွယ်ဝချမ်းသာမှုရရှိရန်နှင့် ဆင်းရဲမှုကို လျှော့ချရန်အတွက် မရှိမဖြစ်လိုအပ်သည်။

**အမျိုးသားစည်းလုံးညီညွတ်မှုနှင့် နိုင်ငံရေးတည်ငြိမ်မှု**

နိုင်ငံရေးတည်ငြိမ်မှုသည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှု၏ နောက်ထပ်အရေးကြီးသော ရလဒ်တစ်ခုဖြစ်သည်။ စည်းလုံးညီညွတ်သော နိုင်ငံတစ်ခုသည် နိုင်ငံရေးမငြိမ်မသက်ဖြစ်မှု၊ အစွန်းရောက်ဝါဒနှင့် ပြည်တွင်းအာဏာပြိုင်ဆိုင်မှု နည်းပါးသည်။ လူများသည် ဒီမိုကရေစီအဖွဲ့အစည်းများကို ယုံကြည်ပြီး တရားဥပဒေစိုးမိုးရေးကို လေးစားသောအခါ အုပ်ချုပ်ရေးသည် ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာလာသည်။ စည်းလုံးညီညွတ်မှုသည် ဆွေးနွေးညှိနှိုင်းမှုနှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းကို အားပေးခြင်းဖြင့် နိုင်ငံရေးရင့်ကျက်မှုကို မြှင့်တင်ပေးသည်။ နိုင်ငံသားများသည် နိုင်ငံ၏အဓိကတန်ဖိုးများအပေါ် သစ္စာရှိနေစဉ် မတူညီသောအမြင်များကို လက်ခံရန် သင်ယူကြသည်။

အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှု၏ စစ်မှန်သောတန်ဖိုးသည် အကျပ်အတည်းကာလများတွင် အထင်ရှားဆုံးဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ၊ ကပ်ရောဂါများ၊ စီးပွားရေးကျဆင်းမှုများနှင့် ပြင်ပခြိမ်းခြောက်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ ခံနိုင်ရည်ကို စမ်းသပ်လေ့ရှိသည်။ ထိုကဲ့သို့သော အခြေအနေများတွင် စည်းလုံးညီညွတ်မှုသည် လူတို့ကို စည်းလုံးညီညွတ်စေပြီး အချင်းချင်း အပြန်အလှန်ပံ့ပိုးကူညီကာ စိန်ခေါ်မှုများကို ရဲစွမ်းသတ္တိနှင့် စိတ်ပိုင်းဖြတ်မှုဖြင့် ရင်ဆိုင်နိုင်စေသည်။ အကျပ်အတည်းများအတွင်း စည်းလုံးညီညွတ်မှုသည် အရင်းအမြစ်များကို ထိရောက်စွာ စုစည်းနိုင်စေပြီး စုပေါင်းလုပ်ဆောင်မှုကို သေချာစေသည်။ နိုင်ငံသားများသည် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး အားနည်းသော အုပ်စုများကို ကူညီကြကာ လူမှုရေးစနစ်ကိုလည်း ထိန်းသိမ်းကြသည်။ ခက်ခဲသောအချိန်များတွင် စည်းလုံးညီညွတ်နေသော နိုင်ငံများသည် ပိုမိုအားကောင်းလာသော်လည်း မတူကွဲပြားနေသော နိုင်ငံများသည် ရေရှည်ပျက်စီးဆုံးရှုံးမှုများကို မကြာခဏခံစားရလေ့ရှိသည်။

**စည်းလုံးညီညွတ်မှုကို အားကောင်းစေရာတွင် ပညာရေး၏ အခန်းကဏ္ဍ**

ပညာရေးသည် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို မြှင့်တင်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ပညာရေးမှတစ်ဆင့် လူငယ်များသည် နိုင်ငံ၏ သမိုင်း၊ တန်ဖိုးများနှင့် မျှဝေထားသော ရှန်းကန်မှုများအကြောင်း လေ့လာကြသည်။ ဤအသိပညာသည် အမျိုးသားရေးလက္ခဏာနှင့် ဂုဏ်ယူဝင့်ကြွားမှုကို တည်ဆောက်ရန် ကူညီပေးသည်။ ပညာရေးအဖွဲ့အစည်းများသည် သည်းခံမှု၊ တန်းတူညီမျှမှုနှင့် ကွဲပြားမှုကို လေးစားမှုကဲ့သို့သော အရေးကြီးသည့် တန်ဖိုးများကိုလည်း သင်ကြားပေးသည်။ နိုင်ငံ၏ပညာရေးသည် ကျောင်းသားများကို နိုင်ငံသားများအဖြစ် ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို သိရှိစေပြီး အမျိုးသားဘဝတွင် တာဝန်သိစွာ ပါဝင်ဆောင်ရွက်ရန် အားပေးသည်။

**မီဒီယာနှင့် ဆက်သွယ်ရေး၏ အခန်းကဏ္ဍ**

မီဒီယာနှင့် ဆက်သွယ်ရေးသည် လူထုထင်မြင်ယူဆချက်နှင့် အမျိုးသားရေးအသိစိတ်ကို ပုံဖော်ရာတွင် အစွမ်းထက်သော အခန်းကဏ္ဍမှ ပါဝင်သည်။ တာဝန်ယူမှုရှိသော မီဒီယာသည် ပူးပေါင်းဆောင်ရွက်မှု မျှဝေထားသော အောင်မြင်မှုများနှင့် အမျိုးသားတိုးတက်မှုဖြစ်စဉ်များကို မီးမောင်းထိုးပြခြင်းဖြင့် စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးနိုင်သည်။ ၎င်းသည် မတူညီသော အသိုက်အဝန်းများကြားနားလည်မှုကို မြှင့်တင်ပေးနိုင်ပြီး ပိုင်ဆိုင်မှုခံစားချက်ကို ခိုင်မာစေနိုင်သည်။ သို့သော် တာဝန်ယူမှုမရှိသော မီဒီယာ၊ မှားယွင်းသော သတင်းအချက်အလက်များနှင့် အမုန်းစကားများသည် ကြောက်ရွံ့မှုနှင့် မတူကွဲပြားမှုများကို ပျံ့နှံ့စေခြင်းဖြင့် အမျိုးသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေနိုင်သည်။ ထို့ကြောင့် မီဒီယာအဖွဲ့အစည်းများနှင့် ဒစ်ဂျစ်တယ်မီဒီယာစနစ်များသည် ကျင့်ဝတ်နှင့်အညီ လုပ်ဆောင်ပြီး တိကျ၊ မျှတသော အချက်အလက်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။

**အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုအတွက် စိန်ခေါ်မှုများ**

အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှု၏ အရေးပါမှုရှိနေသော်လည်း အမျိုးသားစည်းလုံးညီညွတ်မှုသည် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံရေးသဘောထားကွဲလွဲမှုနှင့် ဒေသဆိုင်ရာမညီမျှမှုများသည် စည်းလုံးညီညွတ်မှုကို အားနည်းစေနိုင်သည်။ ထိုကဲ့သို့သော ဖြစ်စဉ်များ မရှိစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

**အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို မြှင့်တင်ရန် နည်းလမ်းများ**

အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုကို ခိုင်မာစေရန် စုပေါင်းကြိုးပမ်းအားထုတ်မှုလိုအပ်သည်။ အစိုးရများက နိုင်ငံသားအားလုံး တန်ဖိုးထားခံရသည်ဟု ခံစားရစေရန် တန်းတူအခွင့်အရေးများ၊ တရားမျှတသောဥပဒေများနှင့် ပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုများကို သေချာစေရမည်ဖြစ်သည်။ ပွင့်လင်းမြင်သာသော အုပ်ချုပ်မှုနှင့် တာဝန်ခံမှုသည် နိုင်ငံတော်နှင့် ပြည်သူကြားယုံကြည်မှုကို တည်ဆောက်ပေးသည်။ နိုင်ငံသားများသည် နေ့စဉ်ဘဝတွင် သည်းခံမှု၊ စာနာမှုနှင့်လေးစားမှုကို ကျင့်သုံးသင့်သည်။ ရပ်ကွက်နှင့်ကျေးရွာဝန်ဆောင်မှု၊ အမျိုးသားရေးပွဲတော်များနှင့် အရပ်ဘက်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် မျှဝေထားသော စရိုက်လက္ခဏာကိုမြှင့်တင်ရန် ကူညီပေးသည်။

အချုပ်ဆိုရလျှင် နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှု၏ တန်ဖိုးသည် တိုင်းတာ၍မရပေ။ ၎င်းတို့သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ မသေချာမရေရာမှုနှင့် အလျင်အမြန် ပြောင်းလဲမှုများဖြင့် အမှတ်အသားပြုထားသော ကမ္ဘာကြီးတွင် စည်းလုံးညီညွတ်မှုသည် ခွန်အားကိုပေးစွမ်းပြီး ပေါင်းစည်းမှုသည် ခံနိုင်ရည်နှင့် မျှော်လင့်ချက်ကို ပေးစွမ်းသည်။ စည်းလုံးညီညွတ်သော နိုင်ငံတစ်နိုင်ငံသည် ပြည်တွင်းရေးသဘောထားကွဲပြားမှုများကို ကျော်လွှားနိုင်ပြီး ပြင်ပစိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ကာ တိုးတက်မှုဆီသို့ ယုံကြည်မှုရှိစွာ ရွေ့လျားနိုင်မည်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်မှုနှင့် ပေါင်းစည်းမှုသည် အလိုအလျောက်ဖြစ်ပေါ်ခြင်းမဟုတ်ပေ။ ၎င်းတို့ကို လေးစားမှု၊ တရားမျှတမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ ၎င်းအတွက်တာဝန်သည် အစိုးရများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံသားများအားလုံးတွင်ရှိသည်။ သို့ဖြစ်၍ မူကွဲပြားမှုကို လက်ခံခြင်း၊ မျှဝေထားသော တန်ဖိုးများကို ထိန်းသိမ်းခြင်းနှင့်လိုအပ်သည့် အချိန်များတွင် အတူတကွ ရပ်တည်ခြင်းဖြင့် ကျွန်တော်တို့၏ အမိနိုင်ငံတော်သည်ခိုင်မာပြီး သဟဇာတဖြစ်မှုနှင့် ကြွယ်ဝချမ်းသာမှုရှိသော အနာဂတ်ကို သေချာစေနိုင်မည်ဖြစ်ကြောင်း ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**နေရှား(သုတေသန)**

# ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကျွန်းလှ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၃ ဒသမ ၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ မိုးစပါး ၃၄၀၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# ဇလွန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဇလွန် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြင်ရွာကျေးရွာနှင့် ဆင်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့်တာဝန်ရှိသူများက ပြင်ရွာကျေးရွာနှင့် ဆင်လန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်လင်းထက်က ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**






နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း -၀၉ ၃၁၀၀ ၁၅၃၆

**ပျောက်ဆုံးကြောင်း**

မူဆယ်မြို့၊ တောင်ရပ်ကွက်နေ စိုင်းအိုက်ဆိုင်ဂျက် (ဘ) ဦးစိုင်းအုန်းမောင်(၁၃/မဆတ(နိုင်)၀၄၉၈၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-402644245

**ပျောက်ဆုံးကြောင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်နေ မယဉ်ယဉ်မြ (ဘ) ဦးမြင့်ဆွေ(၉/အမဇ(နိုင်)၀၃၄၀၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။09-968090038

**ပျောက်ဆုံးကြောင်း**

ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက်နေ စန်းလင်း (ဘ) ဦးညွန့်လှိုင်(၉/ကဆန(နိုင်)၀၀၄၂၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-246923)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-5123500

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ်စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြုသုတေသနများအစပြုဖော်ဆောင်ရာနေရာလည်းဖြစ်...

❖ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့်အရင်းအမြစ်များ မွေးထုတ်ရာတက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ် ၁၀၀ ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား



နေပြည်တော် ဖေဖော်ဝါရီ ၉

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာသင်တန်းနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စစ်ပညာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၉

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီ ၃၅ မိနစ်မှစတင်၍ MRTV-HD၊ MRTV News၊ MRTV NRC၊ MRTV Parliament၊ MRTV Farmers'၊ MRTV Entertainment Channelနှင့် MITV Channelတို့မှလည်းကောင်း၊

စာမျက်နှာ ၂၁ ကော်လံ ၁ ❖

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ ဘောဂဗေဒဘာသာရပ်သိကောင်းစရာများ

စာမျက်နှာ - ၂၆

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း၊ စီးပွားချိတ်ဆက်(Business Matching)ပြခန်း ဆက်လက်ပါဝင်ပြသ

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော် ရင်ပြင်တွင် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း၊ စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊

စာမျက်နှာ ၂၂ ကော်လံ ၄ ❏



